# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၀၂)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲ အရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း** စာ - ၃ သို့

**စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ ထိန်းသိမ်းကာကွယ်ခြင်းဥပဒေပြဋ္ဌာန်း** စာ - ၃ သို့

# ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ (Post Earthquake Technical Forum) ဖွင့်ပွဲအခမ်းအနားကျင်းပ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ(Post Earthquake Technical Forum) အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် ဇူလိုင် ၂၈

"ငလျင်ကာလအလွန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း" ခေါင်းစဉ်ဖြင့်ကျင်းပပြုလုပ်သည့် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ(Post Earthquake Technical Forum) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၉ ရက်)

# အောင်မြင်မှုလမ်းကြောင်းတွင် ပါဝင်လျှောက်လှမ်းနိုင်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတိုင်းအတွက် လူငယ်ကဏ္ဍသည် အထူးပင်အရေးပါလှပေသည်။ လူငယ်များကိုမြင့်မြင့်မားမားဖြစ်အောင်ဆောင်ရွက်ပေးနိုင်မှ နိုင်ငံတော်၏အနာဂတ်သည် လုံခြုံစိတ်ချရမည်ဖြစ်သည်။

လူငယ်အားလုံးက ပညာရေးကို ဆုံးခန်းတိုင်ပြီးမြောက်သည်အထိကြိုးစားကြရမည်ဖြစ်သည်။ လူငယ်တို့အတွက် အခြေခံပညာမှအဆင့်မြင့်ပညာသို့ကူးပြောင်းနိုင်ရေးတွင် တက္ကသိုလ်ဝင်စာမေးပွဲသည်အဓိကမှတ်တိုင်တစ်ခုဖြစ်သည်။ ထိုမှတ်တိုင်ကိုအောင်မြင်စွာကျော်ဖြတ်နိုင်ကြမှသာ အဆင့်မြင့်ပညာကဏ္ဍသို့တက်လှမ်းနိုင်ကြမည်ဖြစ်သည်။ ဇူလိုင်လ ၂၇ ရက်တွင် မြန်မာတစ်နိုင်ငံလုံးအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများထုတ်ပြန်ပေးခဲ့သည်။ တစ်နိုင်ငံလုံးအောင်ချက်ရာခိုင်နှုန်းအားဖြင့် ၄၈ ဒသမ ၀၆ ရာခိုင်နှုန်းရှိသည်။ ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲမှာ ၂၀၂၅ ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေးငလျင်ကြီးဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင်ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကိုထုတ်ပြန်ခြင်းဖြစ်သည်။

သဘာဝဘေးအန္တရာယ်အခက်အခဲကြားက ပြန်လည်ဖြေဆိုခဲ့ကြရသည့် ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံတော်အစိုးရက လိုအပ်ချက်မရှိအောင်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးခဲ့သည့်အတွက်လည်း စိတ်ဓာတ်ခွန်အားအပြည့်ဖြင့်ပြန်လည်ဖြေဆိုခဲ့ကြသည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ကျောင်းသားများ၊ မိဘများ၊ ဆရာများနှင့်ထပ်တူ ပြည်သူအားလုံးကဝမ်းသာကြသည်။ ထူးချွန်ထက်မြက်သောဘာသာစုံဂုဏ်ထူးရှင်များပေါ်ထွက်လာခြင်းအတွက် ဝမ်းသာပီတိဖြစ်ကြရသည်။ စာမေးပွဲဆိုသည်မှာ ကျောင်းသားများ၏ပညာအရည်အချင်းကိုစစ်ဆေးခြင်းဖြစ်သည်။

စစ်ဆေးမှုတွင်အောင်မြင်သူများအတွက် ဝမ်းသာခြင်းဖြစ်ရသလို စစ်ဆေးမှုမအောင်မြင်သူများအတွက်လည်း စိတ်မကောင်းဖြစ်ရသည်။ အောင်မြင်ခြင်း၊ ကျရှုံးခြင်းဆိုသည်မှာ မိမိ၏ကြိုးစားအားထုတ်မှုနှင့် အကြောင်းကြောင်းသော ကံတရားတို့အပေါ်တွင်လည်းမူတည်ပေသည်။ ထိုအကြောင်းတရားတို့အပေါ် သင်ခန်းစာယူပြင်ဆင်၍ လာမည့်နှစ်တွင်မုချအောင်မြင်အောင်ကြိုးစားမည်ဟူသော ခိုင်မာသည့်သန္နိဋ္ဌာန်ချမှတ်ကာ ပြန်လည်ကြိုးစားကြရမည်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသားများအတွက် ရှေ့သို့တက်လှမ်းနိုင်ရန်လှေကားထစ်တစ်ခုဖြစ်သည်။ ထိုလှေကားကို ယခုနှစ်မကျော်နိုင်သေးပါက နောင်နှစ်တွင်အောင်မြင်စွာကျော်ဖြတ်မည်ဟူသောစိတ်ဖြင့် အားမာန်အသစ်နှင့် ပြန်လည်ကြိုးစားကြရမည်ဖြစ်သည်။ အောင်မြင်မှုမှန်သမျှမှာ ကြိုးစားခြင်းဖြင့်သာရယူနိုင်ကြပေရာ စာမေးပွဲကျရှုံးသူများအနေဖြင့် စိတ်ဓာတ်ခိုင်မာမှုနှင့် ဖွဲသတ္တိပြည့်ဝမှုဖြင့်ဆက်လက်လျှောက်လှမ်းကြရန်ဖြစ်သည်။

ကျောင်းသားတိုင်းက သန္နိဋ္ဌာန်စိတ်ဖြင့် မိမိတို့ရည်မှန်းချက်ကိုပြီးမြောက်အောင်မြင်အောင်ဆောင်ရွက်ကြရပေမည်။ ထိုသို့ဆောင်ရွက်နိုင်ကြမှသာ မိမိတစ်ဦးချင်းစီ၏အနာဂတ်အရေး၊ မိမိနိုင်ငံ၏အနာဂတ်အရေးမှာလှပနေမည်ဖြစ်သည်။ ကြိုးစားမှုဟူသည် "အောင်မြင်မှုရရန်အတွက် အားထုတ်ဆောင်ရွက်မှု၊ လုံ့လပြုမှု" ဟု မြန်မာအဘိဓာန်တွင်ဖွင့်ဆိုထားသည်။ အောင်မြင်ရန်အတွက် ဇွဲရှိရှိဖြင့် အားမလျှော့ဘဲလုပ်ဆောင်ခြင်းမှာ စင်စစ်ကြိုးစားမှုပင်ဖြစ်သည်။ ပညာခေတ်တွင် မိမိသည် အများနှင့်တန်းတူ သို့မဟုတ် အများထက်သာအောင်ကြိုးစားခြင်းဖြင့် အောင်မြင်မှုကိုရယူကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏တိုးတက်မှုအဟုန်သည် ထိုနိုင်ငံ၏ပညာရည်တိုးတက်မှုပေါ်တွင်များစွာတည်မှီသည်။ ပညာသည်တိုင်းပြည်တစ်ပြည်အတွက် သစ်ပင်တစ်ပင်၏ရေသောက်မြစ်ပမာအရေးကြီးလှသည်။ ထို့ကြောင့် အနောက်တိုင်းပညာရှင်တစ်ဦးက "ပညာသည် တိုင်းပြည်၏ ဈေးအသက်သာဆုံးသောကာကွယ်ရေးစရိတ်ပင်ဖြစ်သည်" ဟုဆိုခဲ့ခြင်းဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် မိမိတို့၏အရည်အချင်းအလိုက် အဆင့်မြင့်တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ကြရမည်ဖြစ်သည်။ အောင်မြင်သူများအနေဖြင့် မိမိတို့အောင်မြင်မှုကို ပိုမိုအောင်မြင်အောင် ဆက်လက်ကြိုးစားနေကြရမည်ဖြစ်သည်။ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ဖြေဆိုအောင်မြင်သူများအတွက် မိဘ၊ ဆရာများနှင့်ထပ်တူဝမ်းသာမိသကဲ့သို့ စာမေးပွဲကျရှုံးခဲ့သူများအတွက်လည်း စိတ်မကောင်းဖြစ်မိသည်။ ထို့ကြောင့် ကျရှုံးသူများအနေဖြင့် **အောင်မြင်မှုလမ်းကြောင်းတွင် ပါဝင်လျှောက်လှမ်းနိုင်ရေး** ဆက်လက်ကြိုးစားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# စက်ချုပ်နည်းပညာ(မွမ်းမံ)သင်တန်းဆင်းပွဲကျင်းပ

သာယာဝတီ ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် လက်ပံတုန်းကျေးရွာအုပ်စု လက်ပံတုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ခေတ်မီစံပြကျေးရွာများရှိ ကျေးလက်နေပြည်သူများဝင်ငွေတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့် စက်ချုပ်နည်းပညာ(မွမ်းမံ)သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင်လ ၂၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်ဇော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းဖြင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သာယာဝတီမြို့နယ် စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံနှင့် လက်ပံတုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က သင်တန်းမှထွက်ရှိသောကုန်ချောပစ္စည်းများအား သင်တန်းသူများထံပေးအပ်သည်။

အဆိုပါစက်ချုပ်နည်းပညာသင်တန်းသို့ သင်တန်းသူ ၁၅ ဦးတက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ဇွန်လ ၅ ရက်မှ ဇူလိုင်လ ၄ ရက်အထိ ပထမအကြိမ်နှင့် စက်ချုပ်သင်တန်း(မွမ်းမံ)ကို ဇူလိုင်လ ၁၁ ရက်မှ ၂၅ ရက်အထိ ဒုတိယအကြိမ် ထပ်မံသင်ကြားပေးကြောင်း၊ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရွေးချယ်ထားသည့် လုပ်ငန်းထူထောင်မည့်သူ ငါးဦးအား ဌာနမှ တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ခြေနင်းအပ်ချုပ်စက်တစ်လုံး၊ ခါးစက်တစ်လုံး၊ ဘီတင်စက်တစ်လုံး၊ ကြယ်သီးထုပ်ရိုက်တံတစ်လုံးနှင့် အထည်သုံးကော်ရုပ် နှစ်ရုပ်တို့ကို သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၁၀)

# ထားဝယ်မြို့ မီးသတ်ဦးစီးမှူးရုံး၌ ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

ထားဝယ် ဇူလိုင် ၂၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၌ ဇူလိုင်လ ၂၇ ရက် ညပိုင်းက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများတွင် ကြိုးစားပါဝင်ဆောင်ရွက်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ်အတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများတွင် ကြိုးစားပါဝင်ဆောင်ရွက်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင် ၁၃ ဦးနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များ၏ သားသမီးနှစ်ဦးအား တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးက ဂုဏ်ပြုဆုငွေများပေးအပ်ပြီး တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား မုန့်ဖိုးများပေးဝေကြောင်း သိရသည်။

(၄၁၂)

## MWD Education, Knowledge & Sports Channel

၂၉-၇-၂၀၂၅(အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၁၃ | Grade – 4 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၇:၀၆ | Grade – 4 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |
| ၃။ | ၁၇:၀၆ - ၁၈:၁၇ | Grade – 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၄။ | ၁၈:၁၇ - ၁၉:၅၄ | Grade – 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၉-၇-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော် စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၁၀)၏နောက်တွင် ပုဒ်မခွဲငယ်(၁၁) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်–

"(၁၁) ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်ကြောင်း ကော်မရှင်က စစ်ဆေးတွေ့ရှိခြင်း။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်များ ထိန်းသိမ်းကာကွယ်ခြင်းဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်များထိန်းသိမ်းကာကွယ်ခြင်းဥပဒေ**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်များထိန်းသိမ်းကာကွယ်ခြင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ**ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်–

(၁) စစ်ဘက်ဆိုင်ရာအဂ္ဂမဟာဗျူဟာများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများ၊ စစ်ဘက်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊

(၂) တပ်မတော်သုံးရေယာဉ်၊ လေယာဉ်၊ အခြားယာဉ်၊ စက်ယန္တရား၊ လက်နက်ခဲယမ်း၊ စစ်အသုံးအဆောင်ပစ္စည်းတို့နှင့်သက်ဆိုင်သည့် နည်းပညာများ၊ နည်းစနစ်များ၊ ထုတ်လုပ်တပ်ဆင်မှုပညာရပ်များနှင့် သတင်းအချက်အလက်များအပါအဝင် စစ်ဘက်ဆိုင်ရာ နည်းပညာများ၊ လုပ်ထုံးလုပ်နည်းများ သို့မဟုတ် နည်းစနစ်များ၊

(၃) စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်ဖြစ်သည်ဟု ဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ပြန်သတ်မှတ်ထားသည့်ကိစ္စရပ်များ။

(ဃ) **ကာကွယ်ရေးဝန်ထမ်း**ဆိုသည်မှာ အောက်ပါတစ်မျိုးမျိုးကိုဆိုသည်–

(၁) ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို လိုက်နာရသူ၊

(၂) ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို လိုက်နာရသူမဟုတ်စေကာမူ တပ်မတော်၏ အစိတ်အပိုင်းတစ်ခုခုတွင် အချိန်ပိုင်းဖြစ်စေ၊ အမြဲတမ်းဖြစ်စေ လုပ်ကိုင်ဆောင်ရွက်နေသူ၊

(၃) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊

(၄) ပြည်သူ့စစ်တပ်ဖွဲ့ဝင်။

(င) **ကာကွယ်ရေးဝန်ထမ်းဟောင်း**ဆိုသည်မှာ ကာကွယ်ရေးဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့ဖူးပြီး လက်ရှိတာဝန်ထမ်းဆောင်ဆဲမဟုတ်သူကိုဆိုသည်။

(စ) **လေ့ကျင့်ပေးခြင်း**ဆိုသည်မှာ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များကိုအသုံးပြု၍ အောက်ဖော်ပြပါ လေ့ကျင့်ပေးမှုတစ်ခုခုကိုဆိုသည်–

(၁) အခကြေးငွေဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လေ့ကျင့်ပေးခြင်း၊

(၂) အမြဲတမ်းဖြစ်စေ၊ အမြဲတမ်းမဟုတ်ဘဲဖြစ်စေ လေ့ကျင့်ပေးခြင်း၊

(၃) မိမိကိုယ်တိုင် တစ်နည်းနည်းဖြင့်သင်ကြားပေးခြင်း သို့မဟုတ် လေ့ကျင့်ပေးခြင်းဆောင်ရွက်ရန်ညွှန်ကြားခြင်း။

(ဆ) **လုပ်ကိုင်ဆောင်ရွက်ခြင်း**ဆိုသည်မှာ စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်များကိုအသုံးပြု၍ အောက်ဖော်ပြပါလုပ်ကိုင်ဆောင်ရွက်မှုတစ်ခုခုကိုဆိုသည်–

(၁) လေ့ကျင့်ပေးခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း၊

(၂) အခကြေးငွေဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(၃) အမြဲတမ်းဖြင့်ဖြစ်စေ၊ အမြဲတမ်းမဟုတ်ဘဲဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း။

(ဇ) **စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ လွှဲပြောင်းပေးခြင်း**ဆိုသည်မှာ စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ နှုတ်ဖြင့်ပြောဆိုခြင်း၊ စာဖြင့်ရေးသားပေးပို့ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်သိရှိနိုင်စေရန် လွှဲပြောင်းပေးခြင်းကိုဆိုသည်။

(ဈ) **နိုင်ငံခြားတိုင်းပြည်၏အစိုးရ**ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်အစိုးရ၏ အာဏာပိုင်တစ်ဦးဦး သို့မဟုတ် အစိတ်အပိုင်းတစ်ရပ်ရပ် သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်ကိုဆိုသည်။

(ည) **နိုင်ငံခြားတိုင်းပြည်၏စစ်ဘက်ဆိုင်ရာအဖွဲ့**ဆိုသည်မှာ အောက်ပါအဖွဲ့တစ်ဖွဲ့ဖွဲ့ကိုဆိုသည်–

(၁) သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် တရားဝင်လက်နက်ကိုင်တပ်ဖွဲ့၊

(၂) သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် တရားဝင်လက်နက်ကိုင်တပ်ဖွဲ့နှင့် အတူ ပူးတွဲလုပ်ကိုင်နေသောအဖွဲ့အစည်း၊

(၃) သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် တရားဝင်လက်နက်ကိုင်တပ်ဖွဲ့၏ စီမံချက် သို့မဟုတ် ညွှန်ကြားချက်အရဖြစ်စေ၊ ၎င်းတို့၏သဘောဆန္ဒအလျောက်ဖြစ်စေ ဆောင်ရွက်နေသောအဖွဲ့အစည်း။

(ဋ) **နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့မဟုတ်သည့် အဖွဲ့အစည်း**ဆိုသည်မှာ သက်ဆိုင်ရာနိုင်ငံ၏အတွင်း၌ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံ၏ ပြင်ပ၌ဖြစ်စေ ရှိသော အောက်ပါအဖွဲ့အစည်းတစ်ခုခုကို ဆိုသည်–

(၁) သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ဖွဲ့စည်းထားခြင်းမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း၊

(၂) လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် သက်ဆိုင်ရာနိုင်ငံ၏ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသည့် ပုဂ္ဂလိကဝန်ဆောင်မှုကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့။

(ဌ) **တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့်အဖွဲ့အစည်း**ဆိုသည်မှာ နိုင်ငံတော်၏အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်၏ပြင်ပ၌ဖြစ်စေ တည်ရှိပြီး နိုင်ငံတော်၏တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့်ပြင် ဥပဒေနှင့်အညီ ဖွဲ့စည်းထားခြင်းမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းကို ဆိုသည်။

(ဍ) **ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ဥပဒေနှင့်အညီ လိုင်စင်ရယူထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကိုဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များကို ထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် နိုင်ငံတော်၏အမျိုးသားလုံခြုံရေးကို အထောက်အကူဖြစ်စေရန်၊

(ခ) နိုင်ငံခြားတိုင်းပြည်၏ အစိုးရ၊ နိုင်ငံခြားတိုင်းပြည်၏စစ်ဘက်ဆိုင်ရာအဖွဲ့၊ နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့မဟုတ်သည့် အဖွဲ့အစည်း၊ တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်းနှင့် အခြားလူပုဂ္ဂိုလ်တစ်ဦးဦးတို့ကို စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအား အသုံးပြု၍ လေ့ကျင့်ပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ လွှဲပြောင်းပေးခြင်းတို့မှ ကာကွယ်တားဆီးရန်။

**အခန်း(၃)**

**နိုင်ငံခြားတိုင်းပြည်၏အစိုးရ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏စစ်ဘက်ဆိုင်ရာအဖွဲ့ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့မဟုတ်သည့်အဖွဲ့အစည်း၌ လုပ်ကိုင်ဆောင်ရွက်ခြင်း**

၄။ ကာကွယ်ရေးဝန်ထမ်း သို့မဟုတ် ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် နိုင်ငံခြားတိုင်းပြည်၏အစိုးရတွင်ဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်၏စစ်ဘက်ဆိုင်ရာအဖွဲ့တွင်ဖြစ်စေ၊ ယင်းတို့၏ကိုယ်စားဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။ သို့ရာတွင် ဝန်ကြီးဌာနက ဥပဒေနှင့်အညီ တာဝန်ပေးအပ်၍သော်လည်းကောင်း၊ ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခြင်းသည် ဤပုဒ်မနှင့်သက်ဆိုင်ခြင်းမရှိစေရ။

၅။ ကာကွယ်ရေးဝန်ထမ်း သို့မဟုတ် ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် နိုင်ငံခြားတိုင်းပြည်၏စစ်ဘက်ဆိုင်ရာအဖွဲ့မဟုတ်သည့် အဖွဲ့အစည်းတစ်ခုခုတွင်ဖြစ်စေ၊ ယင်းအဖွဲ့၏ကိုယ်စားဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

**စာမျက်နှာ ၄ သို့ ⇨**

⇨ စာမျက်နှာ ၃ မှအဆက်

၆။ ကာကွယ်ရေးဝန်ထမ်းနှင့် ကာကွယ်ရေးဝန်ထမ်းဟောင်းတို့မှအပ မည်သူမျှစစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို တစ်နည်းနည်းဖြင့် ရယူအသုံးပြု၍ နိုင်ငံခြားတိုင်းပြည်၏ အစိုးရတွင်ဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်၏စစ်ဘက်ဆိုင်ရာအဖွဲ့တွင်ဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်၏စစ်ဘက်ဆိုင်ရာအဖွဲ့မဟုတ်သည့် အခြားအဖွဲ့အစည်း၌ဖြစ်စေ၊ ယင်းတို့၏ကိုယ်စားဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

**အခန်း(၄)**

**တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်ခြင်း**

၇။ ကာကွယ်ရေးဝန်ထမ်းတစ်ဦးဦးသည် စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို အသုံးပြု၍ နိုင်ငံတော်၏အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်၏ပြင်ပ၌ဖြစ်စေရှိသော တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းတွင်လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၈။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို အသုံးပြု၍အောက်ပါအဖွဲ့အစည်းတစ်ခုခုတွင် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ-

(က) တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်း၊

(ခ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း။

၉။ ကာကွယ်ရေးဝန်ထမ်းနှင့်ကာကွယ်ရေးဝန်ထမ်းဟောင်းတို့မှအပ မည်သူမျှစစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို တစ်နည်းနည်းဖြင့် ရယူအသုံးပြု၍ အောက်ပါအဖွဲ့အစည်းတစ်ခုခုတွင် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ-

(က) တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်း၊

(ခ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း။

၁၀။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ခွင့်ပြုချက်လျှောက်ထားရယူရမည်။

၁၁။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည်-

(က) ဝန်ကြီးဌာန၏ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ၊

(ခ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရမည်။

**အခန်း(၅)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၁၂။ မည်သည့်ကာကွယ်ရေးဝန်ထမ်း သို့မဟုတ် ကာကွယ်ရေးဝန်ထမ်းဟောင်းမဆို ပုဒ်မ ၄ သို့မဟုတ် ပုဒ်မ ၅ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေချမှတ်ရမည်။

၁၃။ မည်သည့်ကာကွယ်ရေးဝန်ထမ်းမဆို ပုဒ်မ ၇ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေချမှတ်ရမည်။

၁၄။ မည်သည့်ကာကွယ်ရေးဝန်ထမ်းဟောင်းမဆို-

(က) ပုဒ်မ ၈ ပုဒ်မခွဲ(က)ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေချမှတ်ရမည်။

(ခ) ပုဒ်မ ၈ ပုဒ်မခွဲ(ခ)ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်တစ်ဆယ်နှစ်မှ အများဆုံးထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည်။

(ဂ) ပုဒ်မ ၁၁ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်လျှင်ဖြစ်စေ၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင်ဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံးတစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်နိုင်သည်။

၁၅။ ကာကွယ်ရေးဝန်ထမ်းနှင့်ကာကွယ်ရေးဝန်ထမ်းဟောင်းတို့မှအပ မည်သူမဆို-

(က) ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၉ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေချမှတ်ရမည်။

(ခ) ပုဒ်မ ၉ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်တစ်ဆယ်နှစ်မှ အများဆုံးထောင်ဒဏ်တစ်သက်အထိ ချမှတ်နိုင်ရမည်။

၁၆။ မည်သူမဆို စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို ဥပဒေနှင့်အညီ လွှဲပြောင်းပေးခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးဦးထံသို့ လွှဲပြောင်းပေးခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေချမှတ်ရမည်။

၁၇။ မည်သူမဆိုဤဥပဒေပါတားမြစ်ချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ချမှတ်ရမည်။

**အခန်း(၆)**

**အထွေထွေ**

၁၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၀ အရ လျှောက်ထားချက်အား သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၈ အရခွင့်ပြုထားသည့် ခွင့်ပြုချက်အား ဆိုင်းငံ့ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၀။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဤဥပဒေဖြင့်သာ အရေးယူရမည်။

၂၁။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် ဤဥပဒေအာဏာမတည်မီက ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်နေဆဲဖြစ်ပါက ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ ခြောက်လအတွင်း ဤဥပဒေနှင့်အညီ ဝန်ကြီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားရယူရမည်။

၂၂။ ဤဥပဒေအရ စွဲဆိုသောပြစ်မှုတစ်ခုခုအတွက် တရားရုံးတွင် မှုခင်းကိစ္စဆောင်ရွက်နေစဉ် မည်သည့်အဆင့်၌မဆို ဤဥပဒေအရ တစ်ဦးဦးကို စစ်ဆေးစီရင်နေစဉ် ထွက်ဆိုသည့်သက်သေခံချက် သို့မဟုတ် ဖော်ပြသည့်အကြောင်းအရာတစ်ခုခုကို အများကြားသိပါက နိုင်ငံတော်၏လုံခြုံရေးကို ထိခိုက်စေမည်ဖြစ်သည်ဟုအကြောင်းပြ၍ အများပြည်သူအားလုံး သို့မဟုတ် အချို့ကို ဖယ်ရှားပေးရန် တရားလိုဘက်ကလျှောက်ထားလျှင် ထိုသို့လျှောက်ထားသည့်အတိုင်း တရားရုံးက အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် မည်သည့်ကိစ္စ၌မဆို ပြစ်ဒဏ်စီရင်ချက်ကို အများပြည်သူ၏ရှေ့မှောက်၌ ချမှတ်ရမည်။

၂၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# သမဝါယမဦးစီးဌာန၏ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ချေးငွေလုပ်ငန်းကြီးကြပ်မှုဇဟိုကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၂၈

သမဝါယမဦးစီးဌာန၏ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ချေးငွေလုပ်ငန်း ကြီးကြပ်မှုဇဟိုကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ်(၁၆)၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက သမဝါယမသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် လုပ်ငန်းတူရာများ၊ ဆန္ဒတူသူများ၊ အမှန်တကယ်အလုပ်လုပ်သူများ၏ စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများကို တတ်ကျွမ်းသူများကဦးဆောင်ကာ စည်းမျဉ်း၊စည်းကမ်းများချမှတ်ပြီး သမဝါယမအသင်းများ ဖွဲ့စည်းကြီးကြပ်ပေးခြင်းများကိုအလေးထား ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်းအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ၁၃ ခုတွင် စိုက်ပျိုးဧက ၁၅၂၅၇၈ ဒသမ ၃၉၆ ဧက စိုက်ပျိုးနိုင်ရေးလျာထားလျက် ရှိကြောင်း၊ ၁ ဧကလျှင် ငွေကျပ်နှစ်သိန်း/ နှစ်သိန်းခွဲ /သုံးသိန်းနှုန်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ သက်တံရောင်စီမံကိန်း၊ တိုင်းဒေသကြီး/ ပြည်နယ်ဘတ်ဂျက်၊ အသင်းပိုင်/ အသင်းအချင်းချင်းတို့မှ သွင်းအားစုပံ့ပိုးငွေကျပ် ၃၄၃၉၅ ဒသမ ၁၄၆ သန်း ထောက်ပံ့ပေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ရေး စီမံကိန်းအနေဖြင့်လည်း နေပြည်တော်၊ ပဲခူး၊ မကွေး၊ မန္တလေး တို့တွင် မိုးကြိုဝါ၊ မိုးဝါ၊ မိုးနှောင်းဝါ စိုက်ပျိုးဧက ၉၀၀၀၀ စိုက်ပျိုးနိုင်ရေး လျာထားလျက်ရှိပြီး အတူတကွ စုပေါင်းထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခူးဆွတ်ခြင်း၊ ရောင်းချခြင်းတို့ကို သမဝါယမစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးမှူးများက မိုးစပါးစိုက်ပျိုးထားရှိမှု၊ မျိုးစေ့ချစက်ကိရိယာပံ့ပိုးမှုနှင့် လိုအပ်သောစိုက်ပျိုးစရိတ်၊ တင်ပြတောင်းခံမည့် အခြေအနေနှင့် နိုင်ငံတော်သို့ ပေးသွင်းရန် ကျန်ရှိသော စိုက်ပျိုးစရိတ် ထောက်ပံ့ငွေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန် တို့က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ထားသည့် အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ မြဝတီ

# ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် ( Overseas Worker Identification Card-OWIC)ပေါ်တွင် လုံခြုံရေး Sticker အသုံးပြုသွားမည့်ကိစ္စနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်




အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) ကိုင်ဆောင်ထားပြီးပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများ ပြည်ပနိုင်ငံများသို့ ရောက်ရှိသည့်အချိန် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပါခံစားခွင့်များ ရရှိနိုင်စေရန်နှင့်အလုပ်သမားရေးရာကိစ္စရပ်များ ဖြစ်ပေါ်လာသည့်အချိန်လွယ်ကူလျင်မြန်စွာဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(Overseas Worker Identification Card–OWIC) ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card–OWIC) ထုတ်ပေးရာတွင် အတုအပများမရှိစေရန်နှင့် ပိုမိုလုံခြုံမှုရှိစေရန်အတွက် OWIC ကတ်ပေါ်တွင် လုံခြုံရေး Sticker ကပ်၍ ထုတ်ပေးခြင်းကို ၁-၈-၂၀၂၅ ရက်နေ့မှ စတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# တည်ထောင်ခွင့်ပြုပြီးနိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော်   ဇူလိုင်   ၂၈

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၂၂ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါတည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၂၂ ပါတီအနက် ဦးမင်းမင်းထွန်း ခေါင်းဆောင်သည့် **ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၂၁ ပါတီအနက် ပါတီ ၁၅ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

## ၂၈-၇-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ** (၅,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မြန်မာသံတမန်သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ခြင်းအခမ်းအနားနှင့် သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကျင်းပ






နေပြည်တော်  ဇူလိုင် ၂၈

မြန်မာသံတမန်သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ခြင်းနှင့် သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမနှင့် မြန်မာသံတမန်သင်တန်းကျောင်းတို့၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်ဦးကျော်မျိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ မြန်မာသံတမန်သင်တန်းကျောင်း အတိုင်ပင်ခံပညာရှင်များအဖွဲ့နှင့် သင်ကြားရေးအဖွဲ့အဖွဲ့ဝင်များ၊ Naypyitaw State Academy ခေတ္တပါမောက္ခချုပ်နှင့် ဘာသာရပ်ဆိုင်ရာ သင်ကြားရေးအဖွဲ့ဝင်များ၊ သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာအမှတ်စဉ် (၁/၂၀၂၅) နေပြည်တော်တန်းခွဲနှင့် ရန်ကုန်တန်းခွဲတို့မှ သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးက မြန်မာသံတမန်သင်တန်းကျောင်းဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့သည်သာမက အနာဂတ် မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးအတွက် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း၊ သံတမန်ရေးရာပညာရပ်(Diplomacy)သည် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်သည့်အပြင် စဉ်ဆက်မပြတ်လေ့လာနေရန် (Life Long Learning) လိုအပ်ကြောင်း။

၂၀၀၀ ပြည့်နှစ်မတိုင်မီအထိ မြန်မာနိုင်ငံတွင် Diplomacy နှင့်ပတ်သက်၍ သင်ကြားလေ့ကျင့်ပေးသော ကျောင်း၊ တက္ကသိုလ်များမရှိခဲ့သဖြင့် မြန်မာသံတမန်များကို on-job training ဖြင့်သာ လေ့ကျင့်သင်ကြားပေးခဲ့ရကြောင်း၊ အဆိုပါဘာသာရပ်၏ အရေးပါမှုကို သိမြင်လာသည်နှင့်အမျှ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၀ ပြည့်နှစ်မှစ၍ အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း (Basic Diplomatic Skills–BDS) နှင့် အဆင့်မြင့်သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း Enhanced Diplomatic Skills (EDS)များဖွင့်လှစ်၍ မြန်မာသံတမန်များကိုသာမက ပြင်ပလူငယ်များကိုပါ လေ့ကျင့်သင်ကြားပေးခဲ့ရာ လက်ရှိအချိန်အထိ မြန်မာလူငယ် ၈၀၀၀ ကျော်ခန့်ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

မြန်မာသံတမန်သင်တန်းကျောင်း ပေါ်ထွန်းလာရေးအတွက် တစိုက်မတ်မတ်ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သော မြန်မာအငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များနှင့်ပါမောက္ခ၊ ဌာနမှူးများ၊ MDA အတိုင်ပင်ခံပညာရှင်များအဖွဲ့ အဖွဲ့ဝင်များအား အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံတကာသံတမန်များ၏ အတွေ့အကြုံနှင့်ကျွမ်းကျင်မှုအထူးအရေးကြီးသည့်အတွက် မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များကလည်း လာရောက်ကူညီပို့ချဆွေးနွေးပေးရန်နှင့် သင်တန်းကျောင်းအတွက် လိုအပ်သည့် သင်ကြားမှုအထောက်အကူပြုပစ္စည်းများနှင့် စာအုပ်စာတမ်းများ ကူညီထောက်ပံ့ပေးရန် ကြိုဆိုဖိတ်ခေါ်ကြောင်း၊ မြန်မာသံတမန်သင်တန်းကျောင်းသည် လက်ရှိကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ထိရောက်သောသံတမန်ရေးနည်းလမ်းဖြင့် ဖြေရှင်းရန်နှင့် မြန်မာသံတမန်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ခြေလှမ်းသစ်တစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာသံတမန်သင်တန်းကျောင်း ထူထောင်ခြင်းဆိုင်ရာ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ကို မြန်မာသံတမန်သင်တန်းကျောင်းအဆောက်အအုံ၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒေါက်တာ ညွန့်ဖေတို့က မြန်မာသံတမန်သင်တန်းကျောင်း ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် သံတမန်ရေးရာဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းသား၊ သင်တန်းသူများအား "မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအကောင်အထည်ဖော်ခြင်း" ခေါင်းစဉ်ဖြင့် သင်ခန်းစာ ပို့ချသည်။

သံတမန်ရေးရာ ဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သည် မြန်မာသံတမန် သင်တန်းကျောင်းနှင့် Naypyitaw State Academy တို့ ပူးပေါင်း၍ ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး သင်တန်းကာလမှာ လေးလကြာမြင့်သော ပညာသင်နှစ်ဝက်နှစ်ခု စုစုပေါင်းသင်တန်းကာလ ရှစ်လအတွင်း သံတမန်ရေးရာများ၊ နိုင်ငံတကာဆက်ဆံရေးများ၊ နိုင်ငံခြားရေးမူဝါဒများ၊ နိုင်ငံတကာအဖွဲ့အစည်းဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့် မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်သည်။

သံတမန်ရေးရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ စိတ်ပါဝင်စားသူများ တက်ရောက်လျက်ရှိရာ နေပြည်တော်တန်းခွဲ၌ သင်တန်းသား၊ သင်တန်းသူ ၆၂ ဦး ရန်ကုန်တန်းခွဲ၌ သင်တန်းသား၊ သင်တန်းသူ ၅၁ ဦး စုစုပေါင်း ၁၁၃ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလအတွင်း ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများပို့ချခြင်း၊ ဆန်းစစ်ဆွေးနွေးခြင်း၊ လက်တွေ့လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းများအပါအဝင် အဖွဲ့လိုက်စာတမ်းရေးသားတင်ပြခြင်းတို့ဖြင့် စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၂၈

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မိမိတို့ကော်မတီအနေဖြင့် ပြီးခဲ့သည့်ရက်ပိုင်းက မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့သို့ သွားရောက်၍ လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း၊ ဒုတိယအဆင့်အဖြစ်မန္တလေးတိုင်းဒေသကြီးအတွင်း လုပ်ငန်းသုံးခုကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း။

ရွှေ့ပြောင်းစီမံချက်အနေဖြင့် ရမည်းသင်းမြို့နယ်တွင် ရေဘေးသင့်သွားခဲ့သည့် မိုးထိ၊ မိုးမိ၊ ဝါးဖြူတောင်ဒေသမှ ချောင်းဖျားကျေးရွာနှင့် သပြေပင်ကျေးရွာတို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အမရပူရမြို့နယ်တွင် ငလျင်ဘေးသင့် ရက်ကန်းလုပ်ငန်းရှင်များအတွက် ရက်ကန်းဇုန် သို့မဟုတ် ရက်ကန်းကျေးရွာတစ်ရွာ ထူထောင်ပေးနိုင်ရေးနှင့် ငွေကြေးအရင်းအနှီး ပြန်လည်ထူထောင်ပေးရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း၊ ကာလလတ်အစီအစဉ်အနေဖြင့် ငလျင်ကြောတစ်လျှောက် ၅ ကီလိုမီတာအတွင်း ကျရောက်နေသည့် မြို့နယ် ၁၅ မြို့နယ်မှ ကျေးရွာပေါင်း ၄၈၉ ရွာတွင် သဘာဝဘေးပညာပေးအစီအစဉ်များနှင့် နိုင်ငံတော်ဘက်မှ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ KBZ Center တွင် အစိုးရနှင့် လူမှုပရဟိတအဖွဲ့အစည်းများ ပူးပေါင်း၍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုလျှော့ချရေးသင်တန်းများကို လူထုလှုပ်ရှားမှုတစ်ခုအနေဖြင့် ဖော်ဆောင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါကြောင်း။

ထို့ပြင် စစ်ကိုင်းမြို့တွင် ရွှေ့ပြောင်းစီမံချက်အနေဖြင့် စစ်ကိုင်းတောင်ရိုး၌ မှီခိုနေကြရသည့် ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် ငလျင်ဘေးသင့်ပြည်သူ ၂၅၀၀၀ ကျော်အတွက် ရွာထောင်ဘက်တွင် စုစည်းနေရာချထားပြီး ပြန်လည်ထူထောင်ရေးအတွက် ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍လည်း ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း။

နေပြည်တော်၌ ဆောင်ရွက်နေသည့် ရွှေ့ပြောင်းစီမံချက်တွင် တိုးတက်ဖော်ဆောင်မည့် ကဏ္ဍလေးရပ်အဖြစ် ဘေးသင့်ပြည်သူလူထု၏ဘဝအခြေအနေ လုံခြုံအေးချမ်းစွာ တိုးတက်စေရန်၊ ဘေးသင့်ပြည်သူလူထု၏ ဝင်ငွေတိုးတက်လာစေရန်၊ ဘေးသင့်ပြည်သူလူထု၏လူသားအရင်းအမြစ်စွမ်းရည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လူမှုအသိုက်အဝန်းများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်မှု တိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးဦးမြင့်စိုးက ညောင်ပင်သာကျေးရွာနှင့် မကျီးပင်ကျေးရွာများ ပြန်လည်ထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဖွင့်ပွဲ၌ ခင်းကျင်းပြသမည့်အစီအစဉ်များ၊ ထောက်ပံ့ပစ္စည်းပေးအပ်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ညောင်ပင်သာကျေးရွာနှင့် မကျီးပင်ကျေးရွာများ ပြန်လည်ထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား မီဒီယာကဏ္ဍသာမက ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်ရေး ရင်းရင်းနှီးနှီးဆွေးနွေး




နေပြည်တော် ဇူလိုင် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Mongkol Visitstump နှင့် အဖွဲ့အားယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးနှင့်သတင်းမှန်များ ထုတ်ပြန်နိုင်ရေး၊ ယဉ်ကျေးမှုကဏ္ဍနှင့်ခရီးသွားမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြားမီဒီယာကဏ္ဍသာမက ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# သနပ်ပင်မြို့နယ် ဖရဲကျေးရွာရှိ မိုးစပါးစိုက်တောင်သူများအား မျိုးစေ့ချကိရိယာ (Drum Seeder)နှင့် သွင်းအားစုများပေးအပ်




**သနပ်ပင် ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဇူလိုင်လ ၂၈ ရက် နံနက်ပိုင်းတွင် သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေး သနပ်ပင်မြို့နယ် ဖရဲကျေးရွာရှိမိုးစပါးစိုက်တောင်သူများအား မျိုးစေ့ချကိရိယာ (Drum Seeder)နှင့် သွင်းအားစုများပေးအပ်ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ မျိုးစေ့ချကိရိယာ(Drum Seeder)နှင့် သွင်းအားစုများပေးအပ်ပွဲသို့ တက်ရောက်ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ကိုင်လျက်ရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ဒေသတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး နည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စိုက်ပျိုးရေးလုပ်ငန်းတွင် စိုက်ပျိုးသည့်သီးနှံအလိုက် သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိရေးသည် အရေးကြီးပြီး တစ်ဧကစိုက်ပျိုးထုတ်လုပ်မှုစရိတ်သက်သာမှသာ တစ်ဧကအကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်သဖြင့် မျိုးစေ့ချကိရိယာ (Drum Seeder)များပေးအပ်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ဖရဲကျေးရွာရှိ မိုးစပါးစိုက်တောင်သူများအား ပဲခူးတိုင်းဒေသကြီးမှထုတ်လုပ်သည့် မျိုးစေ့ချကိရိယာ (Drum Seeder)နှင့် သွင်းအားစုများပေးအပ်ပြီး တောင်သူများနှင့်အတူ ပဲခူးမြို့မှ ထုတ်လုပ်ထားသည့် လူလိုက်ပါစီးနင်းနိုင်သည့် ကောက်စိုက်စက်သရုပ်ပြသမှုနှင့် စုပေါင်းမြေဩဇာကြဲပက်နေမှုတို့အား ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သနပ်ပင်ငါးလုပ်ငန်းစခန်းသို့ရောက်ရှိပြီး ငါးမွေးမြူရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် သနပ်ပင်မြို့နယ် ဘူတာပိုင်းရပ်ကွက်ရှိ ဦးသိန်းလွင်၏ ဥစားဘဲကောင်ရေ ၆၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ဒေသတွင်းဥစားသုံးမှုဖူလုံစေရေးနှင့် ဈေးနှုန်းသက်သာစွာ ရောင်းချနိုင်ရေး ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့်တိရစ္ဆာန်အစာထုတ်လုပ်ရန်နှင့် ဥစား ဘဲအပြင် အသားစားဘဲများလည်း တိုးချဲ့မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)

# မြန်မာနိုင်ငံ ဂီတအစည်းအရုံး ပဲခူးတိုင်းဒေသကြီး ဆိုင်းဘုတ်တင်ပွဲကျင်းပ

**ပဲခူး ဇူလိုင် ၂၈**

မြန်မာနိုင်ငံဂီတအစည်းအရုံး ပဲခူးတိုင်းဒေသကြီး၏ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကိုဇူလိုင်လ ၂၇ ရက်တွင် ပဲခူးမြို့ မြို့သစ်(ခ) ရပ်ကွက် (၃) လမ်းရှိမြန်မာနိုင်ငံ ဂီတအစည်းအရုံး ပဲခူးတိုင်းဒေသကြီး ရုံး၌ကျင်းပသည်။

ရှေးဦးစွာပဲခူးတိုင်းဒေသကြီးရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးမြို့နယ်စာရေးဆရာအသင်းဘဏ္ဍာရေးမှူး မေတ္တာမိုးနှင်း ( ပဲခူး )က ဂီတနှင့်အနုပညာအကျိုးတရားကို ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဂီတအစည်းအရုံး အတွင်းရေးမှူး ဦးသိန်းဌေးက ဂီတနှင့်သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆိုင်းဘုတ်တင်ပွဲအား ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဇော်၊ တိုင်းဒေသကြီး ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(၄၁၀)

# သာစည်မြို့နယ် ကြက်မောက်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

**သာစည် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြက်မောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF)လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ဇူလိုင်လ ၂၈ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကြက်မောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF)ချေးငွေများဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအစုအဖွဲ့ လေးဖွဲ့မှဆိတ်မွေးမြူရေးလုပ်ငန်းနှင့် နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို ယခင်ကထက်ပိုမိုလုပ်ကိုင်ဆောင်ရွက်ကြရန်မှာကြားသည်။

သာစည်မြို့နယ်ကြက်မောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စီမံကိန်းမတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအစုအဖွဲ့များမှဆိတ်မွေးမြူရေးလုပ်ငန်းကိုအစုအဖွဲ့နှစ်ဖွဲ့၊ နွားမြူရေးလုပ်ငန်းကိုအစုအဖွဲ့နှစ်ဖွဲ့တို့မှ ဆောင်ရွက်လျက်ရှိကြောင်း၊ အစုအဖွဲ့တစ်စုလျှင် ကျေးလက်လူမှုစီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)မှ ငွေကျပ် ၇၅ သိန်းစီကိုထုတ်ချေးပေးထားကြောင်းသိရသည်။ **ကိုနိုင်(ကျေးလက်)**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၄၅ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၈၅ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၀ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၃၅ |
| 95 Ron | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၅၆၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |
| HSD (500 ppm) | ၂၇၁၀ | ၂၈၂၀ | ၂၇၉၀ | ၂၇၂၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၆၀ | ၂၇၈၀ | - | ၃၀၇၀ | ၂၇၉၅ | ၂၈၀၀ | ၂၈၇၀ | ၂၈၃၀ | ၂၈၅၅ | ၃၁၁၀ |
| HSD (50 ppm) | ၃၃၅၅ | ၃၄၇၀ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၁၀ | ၃၄၂၅ | ၄၈၃၀ | ၃၇၂၀ | ၃၄၄၅ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၆၀ |
| HSD (10 ppm) | ၃၃၅၅ | ၃၄၇၀ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၁၀ | ၃၄၂၅ | - | ၃၇၂၀ | ၃၄၄၅ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၆ | ၂၈၅၅ |
| 95 Ron | ၂၈၂၁ | ၂၉၁၁ |
| HSD (500 ppm) | ၂၅၄၈ | ၂၆၂၈ |
| HSD (50 ppm) | ၃၁၇၆ | ၃၂၆၉ |
| HSD (10 ppm) | ၃၁၇၆ | ၃၂၆၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၂၉-၇-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ Soft Skill
၄။ ၁၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၅။ ၁၁:၀၀ သီချင်းလက်ဆောင်
၆။ ၁၂:၀၀ ကျန်းမာသုတ
၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၈။ ၁၄:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၉။ ၁၅:၀၀ တစ်ချိန်ကသူတို့အကြောင်း
၁၀။ ၁၆:၀၀ နိုင်ငံတကာသတင်း
၁၁။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ ၁၈:၄၀ မွေးမြူသုတ

## MWD Variety Channel

၂၉-၇-၂၀၂၅ (အင်္ဂါနေ့)

၁။ ၀၉:၂၆ Sport Icon
၂။ ၁၀:၂၂ ကျန်းမာသောဘဝ
၃။ ၁၁:၄၁ ဥပဒေမှတ်စု
၄။ ၁၄:၃၅ ဖတ်ပါ မှတ်ပါ လေ့လာပါ

# လူတစ်ယောက် အစာအိမ်နှစ်ခု

လူတိုင်းတွင် အစာသစ်အိမ်နှင့် အစာဟောင်းအိမ်ဟူ၍ အစာအိမ်နှစ်ခုရှိသည်။

အစာသစ်အိမ်နှင့် အစာဟောင်းအိမ် (မစင်အိမ်) နှစ်မျိုးစလုံးတွင်ဖြစ်သော အစာအိမ်ရောဂါမှာ တိက္ခဝမ်းမီးကြောင့် ဖြစ်သည့် အစာအိမ်ရောဂါဖြစ်သည်။ တိက္ခဟူသည်မှာ ထက်သော(ပြင်းသော) ဝမ်းမီးဟုဆိုနိုင်သည်။

ဝမ်းမီးကို တစ်နည်းအားဖြင့် ပါစကတေဇောဟုလည်း ခေါ်ဆိုသဖြင့် အစာခြေရည် အထွက်လွန်ကဲသောအခါ အစာအိမ်ကိုပင်ပြန်၍လောင်သည့်အတွက် အစာအိမ်တွင် အပူလောင်နာများဖြစ်နိုင်သကဲ့သို့ အစာအိမ်ရောင်ရောဂါများလည်း ဖြစ်နိုင်သည်။

အစာအိမ်သည် စိတ်နှင့်တိုက်ရိုက်ဆက်သွယ်သဖြင့် စိတ်တိုလွယ်သောသူများတွင် ခြေစရာအစာမရှိသောအခါ မိမိအစာအိမ်ကို ပြန်၍လောင်မြိုက်လေသည်။ ထိုဝမ်းမီးကို တိက္ခဝမ်းမီးဟုခေါ်သည်။

အနောက်တိုင်း ဆေးပညာအယူအဆအရ အစာခြေအက်စစ်ရည် HCl အထွက်လွန်ကဲခြင်းဖြစ်ပြီး အစာအိမ်အတွင်း ခြေစရာအစာမရှိသောအခါ အစာအိမ်နံရံရှိအချွဲအမြှေးများကို ပြန်၍လောင်မြိုက်ခြင်းဖြစ်သည်။

အချွဲအမြှေးများလောင်၍ ကုန်သောအခါ အကာအရံမဲ့သော အစာအိမ်အသားကို ပြန်၍လောင်ကျွမ်းလေသည်။ အစာအိမ်နံရံတွင် အသားကို ရေနွေးပူလောင်သကဲ့သို့ နီရဲကာ ရင်ထဲတွင်ပူပြီး နာနေလေ့ရှိသည်။

အစာအိမ်နံရံတွင်ရောင်ပြီး အနာရှိသောအခါ အစာစားလျှင် တိက္ခဝမ်းမီးကြောင့်ထွက်လာသော အစာခြေရည်ကြောင့် ရင်ပူပြီးနာလာခြင်းဖြစ်သည်။ အစာမစားရလျှင် တဆတ်ဆတ်တုန်လာသည်။ နေမထိထိုင်မသာ ဂနာမငြိမ်ဖြစ်လာသည်။ စိတ်တိုလာသည်။ ဒေါသကြီးသူများအနေဖြင့် ပို၍ဒေါသကြီးလာသည်။ ဒေါသကြီးသူများတွင် အစာအိမ်နံရံလောင်၊ အစာအိမ်နာရောဂါ ပို၍ဖြစ်နိုင်ခြေများသည်။ အစာအိမ်အက်စစ်ဓာတ်လွန်ကဲ၍ အစာအိမ်အချဉ်ပေါက်သည့် ရောဂါတစ်မျိုးလည်းရှိသေးသည်။ အချဉ်ရည်များသည် ပါးစပ်အထိ ပြန်တက်လာပြီး အန်ထွက်တတ်သည်။

အစာအိမ်မှ အချဉ်ရည်များသည် အူသိမ်၊ အူမကြီးများအထိ စီးဆင်းသွားသည့် လမ်းတစ်လျှောက်လုံး ဒုက္ခပေးသည်။ နောက်ဆုံး အစာဟောင်းအိမ်(မစင်အိမ်)သို့ရောက်သောအခါ အချဉ်ဝမ်းပျက်၊ အစာမကြေဝမ်းပျက်ဖြစ်ပြီး ကြာလာသောအခါ အစာအိမ်နံရံမှ သွေးကြောလေးများ ပါစိမ့်ပေါက်ပြီး သွေးပါ၍ ဝမ်းကိုက်၊ သွေးဝမ်းကိုက်၊ သွေးဒူလာခေါ် ခါးအောက်ပိုင်းများညောင်းကိုက်ပြီး ဝမ်းသွားလျှင် သွေးပါသည့်အဆင့်ထိ ဖြစ်လာတတ်သည်။

ဝမ်းကိုက်၊ သွေးဒူလာ၊ သွေးဝမ်းကိုက်ရောဂါ မကြာခဏဖြစ်သောအခါ စအိုဝရှိ ကြွက်သားကို ထောက်ပံ့ပေးသော သွေးကြောများပါရောင်ပြီး အတွင်းလိပ်ခေါင်းရောဂါ၊ ထို့နောက် အပြင်လိပ်ခေါင်း ရောဂါများ ဖြစ်တတ်သည်။

ဝမ်းမီးတို့တွင် သမဝမ်းမီးခေါ် မျှတသော အစာကြေကျက်ခြင်းမှလွဲ၍ ဝမ်းမီးအားလျော့ခြင်း(မန္ဒဝမ်းမီး)၊ ဝမ်းမီးပြင်းအားလွန်ကဲခြင်း (တိက္ခဝမ်းမီး) တို့သည် မကောင်းပေ။ လွန်လျှင်လည်း မကောင်း၊ ယုတ်လျှင်လည်း မကောင်းသည့် သဘောတရားနှစ်ခုကြားတွင် လူသည် အသက်ရှင်နေရခြင်းဖြစ်သည်။

လူတို့ အသက်ရှင်သန်ရေးအတွက် အပူ၊ အအေးမျှတရန် လိုအပ်သေးသည်။ မြန်မာဆေးကျမ်းများအလိုအရ ခန္ဓာကိုယ်ကို ရုပ်၊ နာမ်နှစ်ပါးဖြင့် တည်ဆောက်ထားပြီး ဝေဒနာသည် နာမ်တရားဖြစ်သည်ဟုဆိုသည်။ ယင်းဝေဒနာသည် ရုပ်တရားကို မှီ၍ဖြစ်သည်။

ရုပ်ဖောက်ပြန်ခြင်းသည် အပူ၊ အအေး (သီတ၊ ဥဏှ) မမျှတခြင်းကြောင့် ဖြစ်သည်ဟုဆိုသည်။ အပူလွန်ကဲသောနေရာတွင် အအေးဓာတ်ရရှိအောင် ဖန်တီးပေးရမည်။ လိုအပ်လျှင် ပန်ကာလေ၊ ယပ်တောင်လေတို့ကို သုံးသင့်လျှင်သုံးရမည်။

ပူသောအစာ၊ အရက်သေစာ၊ ရေနွေးပူတို့ကိုရှောင်ပြီး အေးသောရေ၊ ရေခဲ၊ အေးသောအစာတို့ကို အတိုင်းအတာတစ်ခုအထိ စားသုံးသင့်သည်။ အစာကို တစ်သမတ်တည်းစားသုံးခြင်းနှင့် နေရာကို တစ်သမတ်တည်းနေထိုင်ခြင်းကို ရှောင်ရမည်။ အပူ၊ အအေးမျှတအောင် သင့်လျော်ရာပြောင်း၍ နေထိုင်စားသောက်ရမည်။

ဒေါသကို လျှော့ရမည်။ မိမိနှစ်သက်ရာ တရားဓမ္မတစ်ခုခုကို ရွတ်ဖတ်နှလုံးသွင်း၍ အေးချမ်းသောစိတ်ကိုရအောင် နေထိုင်ရမည်။ ပူလောင်သောအခါ၊ တိက္ခဝမ်းမီးရောဂါရသောအခါ အစပ်၊ အချဉ်များကို ရှောင်ရမည်။ ချိုသော၊ အေးသောအစားအစာ၊ အရည်ရွှမ်းသော အစားအစာများကို စားရမည်။

တိုင်းရင်းဆေးနည်းဖြင့် ဖော်စပ်သော အစာကြေဆေးများတွင် အစာအိမ်အရောင်ကျစေသော နွယ်ချို၊ အစာကြေစေသော တြိကဋုက်သုံးပါးဖြစ်သည့် ချင်း၊ ပိတ်ချင်း၊ ငရုတ်ကောင်းတို့ ပါဝင်သော်လည်း အစာကိုသာ ကြေကျက်စေပြီး အစာအိမ်ကို မလောင်စေပါ။

ထို့ပြင် အစာကြေဆေးနှင့် လျက်ဆားများတွင် သိန္ဓောဆား၊ ဇဝက်သာနှင့် ဆားပုပ်တို့ ပါဝင်လေ့ရှိသည်။ သွေးတိုးနှင့် မတည့်သော်လည်း အစာခြေရည် အထွက်လွန်ကဲခြင်းကို ကောင်းစွာတားဆီးနိုင်သည်။ အစာခြေရည်အက်စစ်သည် ဆားနှင့်ဓာတ်ပြုပြီးသောအခါ ဓာတ်ပြယ်သွားပြီး အက်စစ်ပျက်သွားသဖြင့် အစာအိမ်အနာ သက်သာနိုင်သည်။

ဖီးကြမ်းငှက်ပျောသီးသည် အစာအိမ်ရောင်ခြင်းကို ထူးခြားစွာသက်သာစေနိုင်သည်။ ငှက်ပျောသီးတော်တော်များများသည် အအေးစာဖြစ်သော်လည်း ဖီးကြမ်းငှက်ပျောသီးသည် အစာကိုကြေစေသည်။ အစာစားပြီးတိုင်း ဖီးကြမ်းငှက်ပျောသီးမှည့်တစ်လုံးစားသူသည် အစာကြေပြီး ဝမ်းမှန်စေသည်။

ဖီးကြမ်းငှက်ပျောသီးအခွံအတွင်းရှိ အမျှင်များကို ဇွန်းဖြင့်ခြစ်ယူပြီးစားလျှင် အစာအိမ်အပူနာများကို ပျောက်ကင်းစေပြီး အစာအိမ်နံရံရှိ ချွဲမြှေးများကို ပြန်ဖြစ်စေနိုင်သည်။ အစာအိမ်အားဆေးဖြစ်သည်။

အစာအိမ်ရောင်ခြင်းများအတွက် ဓာတ်စာအပြင် ဆေးဝါးကိုလည်း သုံးသင့်က သုံးစွဲရမည်။ အထူးသဖြင့် အသက် ၅၀ ကျော်သူများ ဆေးဝါးကူသင့်သည်။ အသက် ၆၀ ကျော်လျှင် နေ့စဉ် အစာကြေဆေးတစ်ခုခုကို မှီဝဲသင့်သည်။ တိက္ခဝမ်းမီးခေါ် ပူလောင်ပြီး အစာအိမ်၊ အစာခြေရည် ဖောက်ပြန်လွန်ကဲနေသူများအတွက် ဆေးနည်းတစ်ခုပေးလိုပါသည်။ ယင်းဆေးမှာ စတုမဓူဆေးဖြစ်သည်။ အစာအိမ်အပူဓာတ်ကို လျော့နည်းစေပြီး အားဆေးလည်းဖြစ်သည်။ အချိုမှုန်သမျှ အပူကိုငြိမ်းစေသောသတ္တိရှိသည်။ စတုမဓူဆိုသဖြင့် အချိုလေးပါးဆေးဖြစ်သည်။

ပျားရည်သည် အစာအိမ်အနာကို ကျက်စေသည်။ ပျားရည်၊ သကာရည်၊ တင်လဲ၊ ထောပတ် ဤလေးပါးကို ဆတူပေါင်းစပ်ကာ ဖန်ပုလင်းအဝကျယ်တစ်ခုတွင်ထည့်ပြီး ရောမွှေထားပါ။ သုံးရက်လျှင် တစ်ကြိမ်ခန့် နေရောင်ပြပေးပါ။ တစ်ရက်လျှင် ဟင်းစားဇွန်းတစ်ဇွန်း နံနက်၊ ညနှစ်ကြိမ် စားပေးနိုင်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**"အစာအိမ်နံရံတွင်ရောင်ပြီး အနာရှိသောအခါ အစာစားလျှင် တိက္ခဝမ်းမီးကြောင့်ထွက်လာသော အစာခြေရည်ကြောင့် ရင်ပူပြီးနာလာခြင်းဖြစ်သည်။ အစာမစားရလျှင် တဆတ်ဆတ်တုန်လာသည်။ နေမထိထိုင်မသာ ဂနာမငြိမ်ဖြစ်လာသည်။ စိတ်တိုလာသည်။ ဒေါသကြီးသူများအနေဖြင့် ပို၍ဒေါသကြီးလာသည်။ ဒေါသကြီးသူများတွင် အစာအိမ်နံရံလောင်၊ အစာအိမ်နာရောဂါ ပို၍ဖြစ်နိုင်ခြေများသည်။ အစာအိမ်အက်စစ်ဓာတ်လွန်ကဲ၍ အစာအိမ်အချဉ်ပေါက်သည့် ရောဂါတစ်မျိုးလည်းရှိသေးသည်. . ."**

ကြည်လွင်မြင့်(မုဒြာ)

# မင်းလှမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေး

မင်းလှ ဇူလိုင် ၂၈

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်၌ ယခုဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ခံတပ်ကြီးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင်လ ၂၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းခင်းခြင်းကို ဇူလိုင်လ ၁၄ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ဩဂုတ်လ ၁၅ ရက်တွင် ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကာ လက်ရှိတွင် ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို တာဝန်ခံအင်ဂျင်နီယာ ဦးညီညီထွန်းက တက်ရောက်လာကြသည့် တာဝန်ရှိသူများအား ရှင်းလင်းဆွေးနွေးပြီး သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါကွန်ကရစ်လမ်းပြီးစီးပါက ဒေသခံပြည်သူများ၏စိုက်ပျိုးထုတ်ကုန်များ သယ်ယူပို့ဆောင်ရာတွင် ပိုမိုအဆင်ပြေလာစေမည်ဖြစ်သည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဉာဏ်ဦးက အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းအဖြစ် အမှိုက်ခြောက်၊ အမှိုက်စို၊ အန္တရာယ်ရှိသောအမှိုက်နှင့် ပလတ်စတစ်အမှိုက်ခွဲခြားစွန့်ပစ် သရုပ်ပြသနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ထို့နောက် သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးနှင့် အဖွဲ့ဝင်များသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၌ ဌာနဆိုင်ရာ အဖွဲ့ဝင်များအားတွေ့ဆုံ၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

## ခေတ်ဟောင်းသမိုင်း မြို့စစ်ကိုင်း

❖ ရေဝတီ
ရေကြည်စီးဆင်း၊ မြစ်တစ်စင်းနှင့်
ကုန်းဆင်းမော့မော့၊ မြေကြော့ကြော့တွင်
ရှင်တော့်ကိုယ်စား
ဘုရားစေတီ၊ များလှသည်တည့်
စိတ်ကြည်ချမ်းမြေ့၊ တရားမွေ့လျော်
မြတ်သူတော်တို့
စံပျော်ကြရာ၊ မြေမဟာတည့်
ဇေယျာပူရ၊ ဇယအောင်မျှို့
စစ်ကိုင်းမြို့။

❖ နှစ်ပေါင်းခုနစ်ရာ၊ ကြာခဲ့ပါပြီ
အသင်္ချာစောယွမ်း၏
တင့်ရှန်းသာလှိုင်း၊ မြို့စစ်ကိုင်းသို့
ရောက်တိုင်းခါခါ၊ မငြီးပါခဲ့
သာသနာ့သဘင်များ၊ ထင်အရှားနှင့်
စံကားပန်းရနံ့၊ မြေရနံ့နှင့်
တောနံ့တောင်နံ့၊ မြစ်ရနံ့တို့
သင်းပျံ့ချိုမြ၊ လင်းကျင်းလှသည့်
မြန်မာ့ကျက်သရေ သာသည့်မြေ။

❖ နိဗ္ဗာန်တရား၊ မြတ်တံခါးတည့်
မြတ်ဘုရား"ထူပါရုံ"၊ ဖူးခွင့်ကြုံသော်
ဂုဏ်ရှိန်ကြီးစွ၊ ဘုရား့ဒါယကာ
"နရပတိ"၊ မင်းဘုန်းရှိ၏
ပြုသည့်ကုသိုလ်၊ သာဓုဆိုမိ
ဆောက်သည့်တံတား၊ မြင်ယောင်ငြားမိ
တံတားထက်မှ၊ ဖြတ်သန်းကြ၍
ဘုရားပွဲတော်၊ ဆင်နွှဲပျော်ခဲ့
ထိုရော်ခါက၊ စစ်ကိုင်းဘဝကို
အလှထင်ထင် မြင်မိသည်။

❖ စည်ကြီးထီထီ၊ မြည်လေသည်သို့
"သီလဝံသ"၊ ရှင်မြတ်လှနှင့်
ချိုမြည်ည်၊ ဆည်းလည်းသံလို
စာသံချိုသော
ရှင်ပျို့ငယ်လှ၊ "ရှင်ရဋ္ဌ" တို့
တွေ့ကြဆုံကြ၊ စာဆိုကြသော
"ရတနာ့ဗိမာန်ကျောင်းဝေယံ" သို့
ရောက်ပြန်သော့ခါ . . .
အနှစ်ငါးရာက
စာပြိုင်ဆိုကြ၊ စာပြုကြသော
ကဗျာ့ပါရဂူ၊ ရှင်နှစ်ဆူကို
ကြည်ညိုစိတ်ဖြင့်၊ လွမ်းသနင့်လျှင်
ဖူးခွင့်ရသည် ထင်မိသည်။

❖ မြေမှစွင့်စွင့်၊ မြင့်မြင့်မားမား
ထင်ထင်ရှားသည့်
ဘုရားအသစ်၊ တံတားသစ်နှင့်
ကျောင်းသစ်မြေသစ်၊ တက္ကသိုလ်သစ်နှင့်
တိုက်သစ်အိမ်သစ်၊ ဤသည့်ခေတ်မှ
"ခေတ်ဟောင်းသမိုင်း မြို့စစ်ကိုင်း"ကို
မမှိုင်းစေလို၊ မပျောက်လို၍
မရိုင်းစေလို၊ မဖျောက်လို၍
တစ်ညိုတစ်ထွာ၊ ဤကဗျာဖြင့်
ဂုဏ်မြှင့်လိုက်ရပါသည်ဆို။
သမိုင်းကောင်းသည့် မြို့မြတ်ကို။
အစဉ်အလာမပျက် ချစ်နှစ်လို။ ။

**ဆွေယင်းမာ(ရန်ကုန်တက္ကသိုလ်)**

## မိတ္ထီလာမြို့နယ်၌ ဓမ္မပျိုးခင်း ဓမ္မစကူးသင်တန်းဖွင့်လှစ်



**မိတ္ထီလာ ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စက်ပစ်တောင်ကျေးရွာ စိတ္တသုခကျောင်းတိုက်၌ ဓမ္မပျိုးခင်း ဓမ္မစကူးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၇ ရက် ညနေပိုင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် ကုသလာရာမ ဓမ္မစကူးဦးဆောင်ဆရာတော် ဘဒ္ဒန္တ ကုသလထံမှ ငါးပါးသီလတရားတော်များကို တက်ရောက်လာကြသူများက ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဓမ္မစကူးဖောင်ဒေးရှင်း(ဗဟို) သင်တန်းနည်းပြ ဒေါ်လဲ့လဲ့ဝင်းက ဓမ္မစကူး အကြောင်းသိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် သင်တန်းဖြစ်မြောက်ရေးအတွက် ပါဝင်လှူဒါန်းသည့် စေတနာရှင်အလှူရှင်များထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာများကို ဓမ္မပျိုးခင်း ဓမ္မစကူး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဥတ္တမသာရနှင့်တာဝန်ရှိသူများက ပေးအပ်သည်။

အဆိုပါဓမ္မစကူးသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၄၀ ဦး တက်ရောက်ပြီး ဓမ္မပျိုးခင်း ဓမ္မစကူးဦးဆောင်ဆရာတော်နှင့် သင်တန်းနည်းပြ ၁၁ ဦးတို့က အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သင်တန်းသင်ကြားပေးကြောင်း သိရသည်။

(၆၀၂)

## RBF စီမံကိန်းဖြင့် အာလူးစိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**ကလော ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် ဘော်နင်းခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းဖြင့် အာလူးစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင်လ ၂၈ ရက် နံနက်ပိုင်းတွင်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ကလောမြို့နယ် ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ခေတ်မီစံပြကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘော်နင်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းဖြင့် စိုက်ပျိုးရေးအစုအဖွဲ့လုပ်ငန်းများဖြစ်သည့် အဖွဲ့(၁)၊ အဖွဲ့(၂)၊ အဖွဲ့(၃)နှင့် အဖွဲ့(၄)တို့၏ အာလူးစိုက်ပျိုးထားရှိမှုနှင့် တင်ပို့ရောင်းချနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ အာလူးစိုက်ပျိုးခြင်းလုပ်ငန်းများကို RBF စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ နှင့် အသင်းအစုများ၏ မတည်ငွေကျပ်သိန်း ၁၀၀ ဖြင့် စိုက်ပျိုးခြင်းဖြစ်ပြီး ထွက်ရှိလာသောအာလူးများကို ကလောမြို့နယ်အတွင်းရှိ တစ်နိုင်တစ်ပိုင်အိမ်တွင်းမှုလုပ်ငန်းဖြစ်သည့် အာလူးကြော်ထုတ်လုပ်သည့်နေရာများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

## နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးအပ်ပွဲကျင်းပ

**ရပ်စောက် ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲကို ဇူလိုင်လ ၂၇ ရက် နံနက်ပိုင်းတွင် မြို့နယ်ရသဝတီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းသဘာပတိက အသင်းမှ ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ စကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဝင့်တို့က မြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ဝန်ထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်း လီမိတက် ဒုတိယဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာနှင့် အသင်းစာရင်းစစ်တို့က ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အသင်းစာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြကာ အသင်းသားများ၏ အတည်ပြုချက်ရယူကြသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လူရည်ချွန်ဆုနှင့် Grade-12 ကို ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် အသင်းသားများ၏သားသမီးများကို ပညာရည်ချွန်ဆုများပေးအပ်ကြောင်းသိရသည်။

(၄၀၅)

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းသား/သမီး ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၂၈

ဝန်ထမ်းမိသားစု ကျောင်းသား၊ ကျောင်းသူများတန်းစဉ်မပြတ်ပညာသင်ကြားလိုစိတ်ရှိရေး၊ ပညာရေးကဏ္ဍကို အလေးထားတတ်လာစေရေး၊ ပညာကိုကြိုးစားသင်ယူလိုစိတ်ရှိရေးနှင့် ထူးချွန်ထက်မြက်သူများဖြစ်စေရေးတို့အတွက်ရည်ရွယ်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်ဝန်ထမ်းသား/သမီး ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းသား/သမီး ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများက Video Conferencing စနစ်ဖြင့်တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့်ဝန်ထမ်းသား/သမီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးကဏ္ဍကို အလေးအနက်ထားတတ်စေရန် ယနေ့အခမ်းအနားကိုကျင်းပပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းသား/သမီး ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ဥတ္တရသီရိမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်ပို့ချ



နေပြည်တော် ဇူလိုင် ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ မြန်မာအီလက်ထရောနစ် (MEVM)ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၂/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းပညာရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင်များနှင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက်နေပြည်တော်ကောင်စီဝင်က ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်အတွင်းရှိ သင်တန်းသားဦးရေ ၇၆၅ ဦးအတွက် ချီးမြှင့်ငွေများပေးအပ်ပြီး MEVM မဲပေးစက်များ သရုပ်ပြတပ်ဆင်အသုံးပြုပုံကိုကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

# ရှမ်းပြည်နယ်တွင် အရည်အသွေးပြည့်မီသည့် အသား၊ ငါးများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် ဇူလိုင် ၂၈

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ညောင်ရွှေမြို့နယ် ရှမ်းရိုးမမွေးမြူရေးဇုန် (၁)သို့ သွားရောက်၍ မွေးမြူရေးဇုန်အတွင်း၌ တောင်သူ ၉၄ ဦး မွေးမြူလုပ်ကိုင်လျက်ရှိကြသည့်ဥစားကြက်အကောင်ရေ ၈၁၆၄၀၀ မှတစ်ရက်ပျမ်းမျှ ကြက်ဥ ၆၅၀၀၀၀ ကျော် ထွက်ရှိမှု၊ ရှမ်းအရှေ့နှင့်ကယားပြည်နယ်၊ မန္တလေး၊ မကွေး၊ နေပြည်တော်၊ ပဲခူး၊ ရန်ကုန်နှင့်ဧရာဝတီတိုင်းဒေသကြီးတို့သို့ ဖြန့်ဖြူးပေးနေမှု၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးတောင်သူများနှင့် ဇုန်အလိုက် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးတို့ကိုတွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းနောက်ညောင်ရွှေမြို့နယ်တောင်ပို့ကျေးရွာရှိ ဦးလှကျော် ငါးသားဖောက်စခန်း၏ ငွေရောင်ငါးကြင်း၊ ငါးသိုင်းခေါင်းပွ၊ ယိုးဒယားငါးခုံးမ၊ ငါးကြင်းဖြူ၊ မြက်စားငါးကြင်း၊ ရွှေဝါငါးကြင်းနှင့် ငါးမြစ်ချင်းငါးများ သားဖောက်ထုတ်လုပ်နေမှုမျိုးငါးများမွေးမြူထားရှိမှုကိုလည်းကောင်း၊ တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စုရှိ ကျောက်နီမွေးမြူရေးဇုန်၌ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) မှ ဂါလန် ၃၀၀၀ ဆံ့ ရေလှောင်ကန်ပါ ဆိုလာစက်ရေတွင်းခြောက်တွင်း တူးဖော်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအသိပညာပေးဟောပြောပွဲသို့ တက်ရောက်ပြီး နွားမွေးမြူရေးလုပ်ငန်းများမှ နို့နှင့်နို့ထွက်ပစ္စည်းများနှင့် မွေးမြူရေးကိုအခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ဟဲဟိုးမြို့အနီးရှိ မျိုးချစ်နို့စားနွားမွေးမြူရေးခြံ၏ နို့စားနွားမွေးမြူထားရှိမှု၊ နို့နှင့်နို့ထွက်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးနေမှုများကို ကြည့်ရှုစစ်ဆေး ပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန(အောင်ပန်း)ခြံသို့သွားရောက်၍ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီအတွင်းဆောင်ရွက်လျက်ရှိသည့် ပဲပုပ်၊ ပြောင်း၊ ယာစပါးသီးနှံများ သုတေသနဆောင်ရွက်နေမှုနှင့်မျိုးအာလူးထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ဒဂုံမြို့သစ်(တောင်ပိုင်း) ဒေသသုတေသနဗဟိုဌာန (လေးထောင့်ကန်)ခြံရှိ သုတေသနလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယမန်နေ့ကရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနခွဲအောက်ရှိ ဒေသသုတေသနဗဟိုဌာန(လေးထောင့်ကန်)ခြံ၏သုတေသနနှင့်သုတေသနခြံတည်ထောင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံပြီး မြို့နယ်စိုက်ပျိုးရေးတာဝန်ရှိသူများ၊ တောင်သူများပူးပေါင်းပါဝင်သောမျိုးရွေးချယ်ခြင်း သုတေသနလုပ်ငန်းများဆောင်ရွက်ရန်၊ သက်သာချောင်ချိရေးအတွက်မြေကွက်လပ်မထားဘဲ ဝန်ထမ်းသက်သာစိုက်ခင်းများ ထူထောင်၍ မန်ကျည်း၊ ဆူးပုပ်၊ ကင်ပွန်းချဉ်၊ ချဉ်ပေါင်စသည်ဖြင့် သီးနှံစုံစိုက်ပျိုးလုပ်ကိုင်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒေသသုတေသနဗဟိုဌာန (လေးထောင့်ကန်) ခြံတာဝန်ခံက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက်ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားပြီး သုတေသနခြံအတွင်းသုတေသနပြုစမ်းသပ်စိုက်ပျိုးထားသော စပါးခင်းများကိုကြည့်ရှုကာ တောင်သူလယ်သမားများ အားကိုးရသောသုတေသနခြံတစ်ခုအဖြစ်ရပ်တည်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

**မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၀˚c |
| ရန်ကုန် | ၂၅˚c | / | ၃၃˚c |
| မန္တလေး | ၂၅˚c | / | ၃၀˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး



နေပြည်တော် ဇူလိုင် ၂၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E .Mr. Iskander Azizov အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နိုင်ငံခြားပညာတော်သင်ကိစ္စရပ်များ၊ ရုရှားဘာသာစကားပို့ချသည့် ဆရာ၊ ဆရာမများ၏အရည်အသွေးတိုးတက်စေရေးနှင့် ရုရှားဘာသာစကားသင်ကြားရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံအရာရှိ Ms. Anastasia Solovieva တို့ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေးသင်တန်းဖွင့်ပွဲကျင်းပ






နေပြည်တော် ဇူလိုင် ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ကျင်းပသည့် Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၁၉ ဦး၊ သင်တန်းသူ ၁၆ ဦး တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းသည် ကမ္ဘာတစ်ဝန်းလုံးက ဆောင်ရွက်နေသည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်နေသည့် Gender/ CEDAW/ NSPAW/ AGMSF/ WPS လုပ်ငန်းစဉ်များကို သိရှိပြီး ကျား၊ မ ရေးရာကိစ္စရပ်များကို ကဏ္ဍစုံတွင် ဆောင်ရွက်စေရန်နှင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား အမျိုးသမီးများ၏ အခွင့်အရေးများကို ချိတ်ဆက်မှုကောင်းကောင်းဖြင့် ပိုမိုမြှင့်တင်ဖော်ဆောင်ပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် သင်တန်းတွင် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးသွားကြစေလိုကြောင်းပြောကြားသည်။

အဆိုပါသင်တန်းကို နှစ်ရက်တာဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်အား ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ပညာရေးကဏ္ဍများတွင် နှစ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ခိုင်မာစေရေးအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား နယ်နိမိတ်ရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

မြဝတီ

❒ ကျောဖုံးမှအဆက်

အမိန့်ကြော်ငြာစာအမှတ်(၇၄ /၂၀၂၅) အရ ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁၃) ရက်၊ (၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည်ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန်စသော ရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ချောင်းညီကိုဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိကသစ်မျိုးများဖြစ်သည့် ပြူးခြေထောက်၊ ပြူးအုပ်ဆောင်း၊ လမု၊ လဘာ၊ ကနစို၊ သမဲ့၊ ကျန၊ မဒမ၊ ပင်လယ်အုန်းစသည့် သစ်မျိုးများနှင့် သရော၊ နံ့ပြူး(ငှက်)နှင့် ခနိပင်စသည့် ဒေသမျိုးရင်းဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ စွန်၊ သိမ်းငှက်၊ ပန်းဇင်ငှက်၊ ခရုစုတ်ငှက်၊ ရေညှော်င့်နှုတ်ဝိုင်းငှက်၊ တင်ကျီးငှက်၊ ငှက်တုံးငှက် စသည့် ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များရှင်သန်ပေါက်ဖွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့်ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့်သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

● **ပွင့်ဖြူမြို့နယ်မှ**

ပိုးမွှားရောဂါကင်းရှင်းစေဖို့ တောင်သူတွေကို စိုက်ပျိုးရေးအသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်။ တောင်သူတွေက ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို ဝင်ငွေတိုးပွားစေဖို့ မြေပဲ၊ နှမ်း၊ နေကြာစတဲ့သီးနှံတွေကို သီးထပ်သီးညှပ်အနေနဲ့ စိုက်ပျိုးကြပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံအထွက်နှုန်းတိုးတက်စေရန် စိုက်ပျိုးတောင်သူများအား မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်နှင့်အညီ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးစသည့်စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။ ပဲစင်းငုံကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်းသိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၈-၇-၂၀၂၅

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဘားအံ | ၇ | ဒသမ | ၃၆ | လက်မ | (စိုက်ပျိုးရေးမိုးလေဝသ) | | | | | ရွှေဘို | ၅ | ဒသမ | ၅၉ | လက်မ |
| ဘီးလင်း | ၇ | ဒသမ | ၂၄ | လက်မ | ပေါင် | ၆ | ဒသမ | ၆၅ | လက်မ | ရွှေကျင် | ၅ | ဒသမ | ၅၅ | လက်မ |
| ဘားအံ | ၇ | ဒသမ | ၁၆ | လက်မ | မိုင်းပျဉ်း | ၆ | ဒသမ | ၀၀ | လက်မ | ပင်လောင်း | ၅ | ဒသမ | ၃၅ | လက်မ |
| | | | | | ကျိုက်မရော | ၅ | ဒသမ | ၇၀ | လက်မ | ကော့ကရိတ် | ၅ | ဒသမ | ၂၃ | လက်မ |

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း လက်ေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ်ပြိုင်ပွဲဝင်အားကစားသမားများ၏ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၈

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် ပြိုင်ပွဲဝင်အားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းလက်ေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၇ သင်းဖြင့် ဩဂုတ်လ ၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲတွင် တောင်ကြီးတပ်နယ်(နယ်မြေ-၂)အသင်းက ဒိုင်းဆုရရှိ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဒိုင်းဆုရရှိသော တောင်ကြီးတပ်နယ် (နယ်မြေ-၂)အသင်းအားဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်း ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇူလိုင် ၂၈

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၁၀ သင်းဖြင့် ဇူလိုင် လ ၂၃ ရက်မှ စတင်ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ယှဉ်ပြိုင်ကစားသည့် ဗိုလ်လုပွဲ ပွဲစဉ်တွင် တောင်ကြီးတပ်နယ် (နယ်မြေ-၂)အသင်းက အနိုင်ရရှိပြီး ဒိုင်းဆုရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါတိုင်းမှူးဒိုင်း ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲပွဲစဉ်ဖြစ်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်းနှင့်တောင်ကြီးတပ်နယ်(နယ်မြေ-၂) အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော တောင်ကြီးတပ်နယ် (နယ်မြေ-၂)အသင်းတို့အား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# နောင်ချိုမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စတင်ဖွင့်လှစ်သင်ကြား၊ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နောင်ချိုမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းအပ်လက်ခံခြင်းဆောင်ရွက်ပေးနေမှုကိုတွေ့ရစဉ်။



တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။





နောင်ချိုမြို့ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှုကိုတွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့ရှိ အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် ကျောင်းအဆောက်အအုံနှင့် ပရိဘောဂပစ္စည်းများ ပြုပြင်ခြင်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားမိဘပြည်သူများကလည်း ပူးပေါင်းပါဝင်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြား နိုင်ရေးအတွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းကိုလည်း ယနေ့တွင် စတင်ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူ ၂၅၁ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည့်အပြင် ထပ်မံလာရောက်ကျောင်းအပ်နှံသူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကျောင်းအပ်လက်ခံခြင်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့်ကျောင်းဝတ်စုံများကို တစ်ပါတည်း ပေးအပ်ကြသည်။

၎င်းအပြင် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၃၇ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# မူတစ်သွင် အားအင်သစ်လိုက်ပါ့ ချစ်စရာ့တို့ကျောင်းသား

ဘုန်းမောင်ဝင်း(ဖျာပုံ)

၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၇ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာသည်။ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့အတွင်းရှိကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ထားရှိသကဲ့သို့ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ Website ဖြစ်သော www.myanmarexam.org တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြသည်။ ထို့ပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့်ပြည်နယ်တို့ရှိစာစစ်ဌာနများ၏ အောင်စာရင်းများကိုလည်း မြန်မာ့အသံ(ရေဒီယို)၊ တိုင်းရင်းသားအစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးလျက်ရှိသည်။ ဤသည်မှာ နှစ်စဉ်လုပ်ဆောင်နေသည့် လုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်သည်။ ယခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းမှာ ၄၈ ဒသမ ၀၆ ရာခိုင်နှုန်းဖြစ်သည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ရာခိုင်နှုန်းတွင် နိုင်ငံခြားစာစစ်ဌာနမှအောင်ချက် ရာခိုင်နှုန်း ၉၅ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်သည်။ ထို့အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မွန်ပြည်နယ်သည် အောင်ချက်ရာခိုင်နှုန်း ၅၇ ဒသမ ၁၆ ရာခိုင်နှုန်းဖြစ်၍ အောင်ချက်ရာခိုင်နှုန်းအမြင့်ဆုံးဖြစ်သည်။ စာမေးပွဲဆိုသည်မှာ ကျောင်းသားတို့၏ ပညာအရည်အချင်းကို စစ်ဆေးခြင်းဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲဆိုသည်မှာ အခြေခံပညာအဆင့်တွင် အမြင့်ဆုံးစာမေးပွဲဖြစ်သည်။ ထိုစာမေးပွဲအောင်မြင်လျှင် မိမိတို့တက်ရောက်လိုသောတက္ကသိုလ်တို့သို့ မိမိတို့အရည်အချင်းအလိုက် ဆက်လက်တက်ရောက်နိုင်ပြီဖြစ်သည်။

အောင်စာရင်းထွက်တော့မည်ဆိုကတည်းက ရင်အခုန်ဆုံးသူများမှာ ကျောင်းသားမိဘများဖြစ်သည်။ မိမိတို့သားသမီးများ စာမေးပွဲအောင်မြင်သည်ကိုသာ မိဘတိုင်းကမြင်တွေ့လိုကြသည်။ ကျောင်းသားများအနေဖြင့်လည်း မိမိတို့၏ဘဝတက်လမ်းဖြစ်သည့်အတွက် အောင်စာရင်းကို ရင်ခုန်စွာမျှော်လင့်စောင့်စားခဲ့ကြမည်ပဲဖြစ်သည်။ စာမေးပွဲအောင်မြင်သူများအတွက် အလွန်ပင်ဝမ်းသာဖွယ်ဖြစ်သည်။ မိမိအမည်၏ဘေးတွင် ကပ်လျက်ပါလာမည့် ဘာသာရပ်အမည်များကိုလည်း အားလုံးကမြင်တွေ့လိုကြပေလိမ့်မည်။ ကျောင်းသားအားလုံးသည် အဆင့်အမြင့်ဆုံးအခြေအနေကိုရည်မှန်းကာ ကြိုးစားခဲ့ကြခြင်းဖြစ်ပေလိမ့်မည်။ ပညာသင်နှစ်တစ်နှစ်လုံး မိမိတို့အစွမ်းရှိသမျှ တက်ကုန်ဖွင့်၊ ရွက်စုံလွှင့်၍ စာမေးပွဲဆိုသောပင်လယ်ပြင်ကို ကူးခပ်ခဲ့ကြပေလိမ့်မည်။

တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းထွက်သည့်နေ့မှာ အောင်မြင်သူတို့အတွက် ကြည်နူးဝမ်းသာစရာအလွန်ကောင်းသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့ဖြစ်သည်။ ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သူတို့အဖို့ သူတို့ကျောင်း၊ သူတို့မြို့နယ်၊ သူတို့ပြည်နယ်နှင့်တိုင်းဒေသကြီးအတွက် အလွန်ပင်မျက်နှာပန်းပွင့်သူများဖြစ်လာကြသည်။ လူမှုကွန်ရက်တွင် မြို့အမည်၊ ကျောင်းအမည်နှင့် ဘာသာစုံဂုဏ်ထူးရသူတို့ကို အသီးသီးဖော်ပြ၍ ဂုဏ်ပြုချီးမြှောက်ကြသည်။ မိမိကျောင်း၊ မိမိမြို့နယ်အတွက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွက် ဂုဏ်ယူဖွယ်ဖြစ်ရသလို ကာယကံရှင်နှင့် မိဘ၊ ဆရာများကလည်း ဝမ်းသာအားရဂုဏ်ယူကြလျက်ရှိသည်။

ထို့အတူ အောင်စာရင်းတွင် အမည်မပါလာသူတို့အတွက် တဒင်္ဂအားဖြင့် ခေတ္တမျှစိတ်ညစ်ညူးဖွယ်အခြေအနေဖြစ်သော်လည်း အခြားတစ်ဖက်မှကြည့်မည်ဆိုလျှင် ပိုမိုကောင်းမွန်သောအနာဂတ်ကို ခွန်အားအသစ်ဖြင့် ပြန်လည်စတင်နိုင်ခြင်းဆိုသည့် အခွင့်အလမ်းကောင်းတစ်ခုကို ထပ်မံရရှိခြင်းလည်းဖြစ်သည်။ အကယ်စင်စစ် အောင်မြင်ခြင်း၊ ကျရှုံးခြင်းဆိုသည်မှာ မိမိ၏ကြိုးစားအားထုတ်မှုနှင့်အကြောင်းကြောင်းသော ကံတရားတို့အပေါ်တွင်လည်း မူတည်ပေသည်။ ထိုအကြောင်းတရားတို့အပေါ် သင်ခန်းစာရယူပြင်ဆင်၍ လာမည့်နှစ်တွင် မုချအောင်မြင်အောင်ကြိုးစားမည်ဟူသော ခိုင်မာသည့်သန္နိဋ္ဌာန်ချမှတ်ကာ ပြန်လည်ကြိုးစားရမည်ဖြစ်သည်။

ဆိုလိုချင်သည်မှာ စာမေးပွဲကျရှုံးခြင်းကြောင့် စိတ်ဓာတ်မကျဆင်းပါနှင့်။ သူလည်းကျောင်းသား၊ ကိုယ်လည်းကျောင်းသား၊ သူလည်းလူ၊ ကိုယ်လည်းလူ၊ သူတောင်အောင်မြင်သေးရင် ငါလည်းအောင်မြင်ရမှာပေါ့ဆိုတဲ့စိတ်နဲ့ အားတင်းထားပါ။ ဘဝကိုအရှုံးမပေးလိုက်ပါနှင့်။ ကျရှုံးခြင်းမှာ ခေတ္တသာဖြစ်ရမယ်။ အားသစ်အင်သစ်နှင့်ကြိုးစားလျှင် အောင်မြင်မှုက လက်ကမ်းကြိုနေမည်သာဖြစ်သည်။ စာရေးသူအနေဖြင့် အောင်မြင်သူအားလုံးအတွက် ဝမ်းသာပီတိဂွမ်းဆီထိပမာဖြစ်ရသလို ကျရှုံးသူတို့အတွက်လည်း အထူးပင်ဝမ်းနည်းမိသည်။ စိတ်မကောင်းလည်းဖြစ်မိသည်။ ထို့အတူ မအောင်မြင်သောကျောင်းသားများအနေဖြင့် ပညာရေးခရီးအား အဆုံးတိုင်ဆက်မလျှောက်ဘဲလမ်းခုလတ်တွင် ရပ်တန့်ပစ်လိုက်မည်ကို စာရေးသူအထူးပင်စိုးရိမ်မိသည်။ တက္ကသိုလ်ဝင်စာမေးပွဲဆိုသည်မှာ ဘဝစာမေးပွဲနှင့်နှိုင်းစာသော် အစိတ်အပိုင်းငယ်မျှသာဖြစ်သည်။ ထိုအစိတ်အပိုင်းငယ်ကြောင့် မိမိဘဝကို ရေစုန်မျှောမပစ်လိုက်ဖို့လိုသည်။ ထို့နည်းတူ ထိုအစိတ်အပိုင်းငယ်ကို မထီမဲ့မြင်ပြု၍လည်း မိမိဘဝကို ပေါ့ပြက်ပြက်မပြုစေလို။ ဟန်ချက်ညီညီဖြင့် ထိုအစိတ်အပိုင်းငယ်ဖြစ်သော စာမေးပွဲကိုလည်း အလေးအနက်ထား၊ မိမိဘဝကိုလည်းတန်ဖိုးထား၍ နည်းမှန်လမ်းမှန်၊ စနစ်မှန်ဖြင့် နောက်ထပ်တစ်ကြိမ် အခွင့်ကောင်းကိုဖမ်းဆုပ်၍ မုချပိုင်ပိုင်အောင်နိုင်ခြင်းသို့ရောက်ရှိအောင် မလျှော့သောဇွဲလုံ့လတို့ဖြင့် ရည်သန်ကြိုးစားကြရမည်ဖြစ်သည်။ သို့ဆိုလျှင် အဘယ်မျှခက်ခဲသောစာမေးပွဲပင်ဖြစ်စေ ကျောင်းသားတို့၏ လက်ဝယ်ရှေ့မှောက် အောင်မြင်ခြင်းတို့ မလွဲမသွေဆိုက်ရောက်လာကြမည်သာဖြစ်သည်။

ဤနေရာတွင် ကျောင်းသားအားလုံးသိပြီးဖြစ်သည့် ဆရာမငွေတာရီ၏ "ထိပ်ဆုံးသို့" ဆိုသည့် ကဗျာစာသားအချို့ကို မျှဝေလိုသည်။ တောင်တက်သူသည် အမြင့်ဆုံးရည်မှန်းချက်သို့ရောက်ရှိရန်အတွက် တစ်တောင်ပြီးတစ်တောင်တက်နေရသည်။ တစ်တောင်ဆုံးလို့ ကြည့်လိုက်ပြန်တော့လည်း နောက်တစ်လုံးကကျန်နေသေးသည်။ ဒီလိုနှင့်ကြိုးစားပြီးလျှောက်လှမ်းရသည်။ ရည်မှန်းချက်သို့ရောက်အောင်လျှောက်ရသည်မှာ ပင်ပန်းသည်။ မပင်ပန်းဘဲနှင့်လည်း အောင်မြင်မှုကိုရမည် မဟုတ်ပေ။ ထိုကဗျာတွင

"ခါတလေ တကယ်ပန်းတာကြောင့်၊
တော်ပါပြီ ဆက်မလှမ်းချင်ဘု၊
ရပ်တန်းက ရပ်မယ်ကြံ၊
အမှန်တော့ ဖြစ်နိုင်မလား။
စခဲ့မိဟာပေါ့၊
တစ်နေ့မှာ ဆုံးရာရောက်ပါလိမ့်၊
အားလျှော့ကာ ဆုတ်ချင်စမ်းပါနဲ့" ဟု ဆရာမငွေတာရီက နှိုးဆော်သတိပေးထားသည်။



တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးသူများအနေဖြင့်လည်း လာမည့်နှစ်မှာ အောင်မြင်ဖို့အတွက် အားသစ်အင်သစ်နဲ့ ရည်မှန်းချက်ရောက်အောင် ဆက်လျှောက်ကြပါလို့ စာရေးသူကတိုက်တွန်းပါသည်။ "ပညာမြင့်မှ လူမျိုးတင့်မည်" ဆိုသောစကားကို အခြေတည်၍ တိုက်တွန်းရခြင်းပင်ဖြစ်သည်။ ပညာသည် မိမိတို့ဘဝအတွက် အလွန်ပင်တန်ဖိုးကြီးမားသည့် အရင်းအနှီးဖြစ်သည်။ ပညာအရင်းအနှီးများများစုနိုင်လေ မိမိအနာဂတ်အတွက် အကောင်းဆုံးအသုံးချနိုင်လေဖြစ်သည်။

ကျောင်းသားတိုင်းက ပညာရေးကို ဆုံးခန်းတိုင်အောင်သင်ကြားကြမှ မိမိနိုင်ငံတော်တွင် လူ့စွမ်းအားအရင်းအမြစ်များပေါကြွယ်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံကြီး ဖြစ်လာပေမည်။ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတို့ကို ပညာကသာ အဆုံးအဖြတ်ပေးနိုင်သည်။ ပညာအဆင့်မြင့်လျှင် တိုင်းပြည်တိုးတက်မည်။ နိုင်ငံတစ်နိုင်ငံ၏အနေအထားကို ပညာဖြင့်ဆုံးဖြတ်သကဲ့သို့ လူတစ်ဦးချင်းစီ၏ အနေအထားကိုလည်း ပညာကသာဆုံးဖြတ်မည်ဖြစ်သည်။ သင်မကြိုးစားလျှင် သင်အခွင့်အရေးကောင်းရလိမ့်မည်မဟုတ်ဟု ဆိုထားသည်။ အခွင့်အရေးကောင်းဆိုသည်မှာ ပညာအရည်အချင်းအလိုက်ရရှိခြင်းဖြစ်ပေရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျရှုံးသူများအနေဖြင့် အားမငယ်ပါနှင့်။

ကျောင်းသားဘဝဆိုသည်မှာ အပြေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည်နှင့် ပမာတူလှသည်။ အများနှင့်ယှဉ်ပြိုင်မပြေးနိုင်လျှင် မိမိသည်အများ၏နောက်မှာ ကျန်ခဲ့မည်သာဖြစ်သည်။ တစ်ကြိမ်လဲကျရုံမျှနှင့် အလွယ်တကူအရှုံးပေးလိုက်ရန်မဟုတ်။ နောက်တစ်ကြိမ်ပြန်ထ၍ အားမာန်အပြည့်ဖြင့် ဆက်လက်ပြိုင်ပွဲဝင်ရန်ပင်ဖြစ်သည်။ သို့မှသာ ပန်းတိုင်ကို လှမ်းကိုင်နိုင်မည့်အခွင့်အလမ်းအား အခြားသူများနည်းတူရရှိနိုင်မည်ဖြစ်သည်။

အောင်မြင်သူများကို အားကျသည့်စိတ်ဖြင့် နမူနာယူကာ အောင်မြင်အောင်ကြိုးစားကြရမည်ဖြစ်သည်။ လူငယ်ဘဝဆိုသည်မှာ အချိန်အကန့်အသတ်ဖြင့်သာနေကြရသည်။ မိုးရွာတုန်းရေခံ၊ လသာတုန်းဗိုင်းငင်ဆိုသကဲ့သို့ ပညာသင်ယူခွင့်ရရှိနေချိန်တွင် ကြိုးစားကြရမည်ဖြစ်သည်။ မိုးလွန်မှထွန်ချဆိုသလို ကြိုးစားမှုနောက်ကျခဲ့သော် အချည်းနှီးသာဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍကို အထူးအားပေးမြှင့်တင်နေချိန်တွင် မိမိသည်လည်း မြှင့်တင်ခံရသူအဖြစ် နေရာယူစေချင်သည်။ ပညာသင်ရမည့်အရွယ်တွင် အကောင်းဆုံးထားရှိရမည်မှာ စာမေးပွဲအောင်မြင်ရေးသာဖြစ်သည်။ ကျောင်းသားများအနေဖြင့် မိမိတို့ဘဝတိုးတက်လမ်းကိုသိရှိကြသလို တိုးတက်လမ်းကို အနှောင့်အယှက်ပြုနိုင်သည့် အရာများကိုလည်း ဖယ်ရှားနိုင်ရမည်ဖြစ်သည်။ ကျောင်းနေအရွယ်တွင် ကွမ်းယာ၊ အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးဝါး စသည်များကို အထူးရှောင်ရှားရမည်ဖြစ်သလို အချည်းနှီးအချိန်ကုန်စေသည့် ဂိမ်းကစားခြင်း၊ အချိန်ကုန်ရုံမျှမက အကျိုးမဲ့စေသည့် လောင်းကစားခြင်းမျိုးကိုလည်း အထူးရှောင်ရှားသင့်သည်။ ကျောင်းသားနှင့် မအပ်စပ်သည့်အကြောင်းခြင်းရာများတွင်ဝေလေလေလိုက်ပါ၍ တွေဝေမိန်းမောကာ စိတ်လေလွင့်မှုမရှိအောင်လည်း သတိပြုနေထိုင်ကြရမည် ဖြစ်သည်။ ဤသို့လျှင် အရှုံးမှသင်ခန်းစာဖော်ထုတ်၍ အောင်မြင်မှုလမ်းကြောင်းကို တည့်မတ်စွာထိန်းကျောင်းနိုင်ရမည်ဖြစ်သည်။

အောင်မြင်သူများအနေဖြင့် ဆက်လက်၍ အောင်မြင်မှုလမ်းကြောင်းမှာ အောင်မြင်စွာလျှောက်လှမ်းနိုင်ကြပါစေ။ ကျရှုံးသူများအနေဖြင့်လည်း ကျရှုံးမှုကို အောင်မြင်မှုဖြင့်အနိုင်ယူနိုင်ကြပါစေ။ မိဘများအနေဖြင့် အောင်မြင်မှုကို ဝမ်းသာအားရပီတိဖြစ်နေကြသလို ကျရှုံးသူများအတွက်လည်း အားပေးနှစ်သိမ့်ပေးစေချင်သည်။ မိမိသားသမီးအတွက် အားတက်ဖွယ်စကားများ ပြောကြားခြင်း၊ ထပ်မံ၍ အခြေအနေကောင်းများ ဖန်တီးပေးခြင်းတို့ဖြင့် စိတ်ခွန်အားဖြစ်စေချင်သည်။ နေမင်းကြီးနှင့်လွဲ၍ ဝမ်းနည်းနေခြင်းမျိုးမဖြစ်စေဘဲ လမင်းကြီးနှင့် ထပ်မံဆုံတွေ့နိုင်အောင် ကြိုးစားအားထုတ်ခြင်းဖြင့် အချိန်ကောင်းအခါကောင်းများကို ဖမ်းဆုပ်နိုင်ရန် အသင့်ရှိနေကြစေချင်သည်။

စာရေးသူအနေဖြင့် ကျောင်းသားဟူသော အသုံးအနှုန်းသုံးထားခြင်းမှာ ကျောင်းသားဟူသော စကားရပ်တွင် ကျောင်းသူများလည်းပါဝင်ပြီးဖြစ်၍ သုံးနှုန်းရခြင်းဖြစ်သည်။ ဆရာဟူသောစကားရပ်တွင်လည်း ဆရာမများပါဝင်ပြီးဖြစ်သောကြောင့် "မိဘ၊ ဆရာပူးပေါင်း ကလေးပညာကောင်း" ဆိုသော ဆောင်ပုဒ်ကိုလက်ကိုင်ပြုကာ ကြိုးစားကြရမည်ဖြစ်သည်။ အောင်မြင်သူ၊ ကျရှုံးသူ ကျောင်းသားများအားလုံးအနေဖြင့် **မူတစ်သွင် အားအင်သစ်လိုက်ပါ့ ချစ်စရာ့တို့ကျောင်းသား**များအဖြစ် အနာဂတ်လှပအောင် လျှောက်လှမ်းကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအား ဒုတိယဝန်ကြီး ဦးကိုကိုကျော် လက်ခံတွေ့ဆုံ

နေပြည်တော်  ဇူလိုင် ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Iskander Azizov အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေး ပိုမိုခိုင်မြဲလာစေရန် ညှိနှိုင်းရေးမှူးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များနှင့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ကြီးမှူး၍ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၀ ရက်က ကျင်းပခဲ့သည့် အာဆီယံ-ရုရှား နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ဖြစ်ပေါ်တိုးတက်မှုရလဒ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့ပြင် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် အာဆီယံဒေသဆိုင်ရာဖိုရမ်ကဲ့သို့သော အာဆီယံဦးဆောင်သည့် ယန္တရားများအောက်မှ အာဆီယံနှင့်ရုရှားအကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအပါအဝင် အကျိုးတူကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ၂၀၂၅ ခုနှစ် ဧပြီလ ၁၈ ရက်က ကျင်းပခဲ့သည့် အာဆီယံ-ရုရှား အွန်လိုင်းစစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကစားသမား ခြောက်ဦးကို ရုရှားသံအမတ်ကြီးက အမှတ်တရလက်ဆောင်ပေးအပ်ခြင်းနှင့် မော်စကိုဒေသစစ်တုရင်အဖွဲ့ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းဖက်ဒရယ်ကောင်စီအဖွဲ့ဝင် Mr. Sergei Karjakin ၏ လက်မှတ်ရေးထိုးထားသည့် စစ်တုရင်ခုံကို ဒုတိယဝန်ကြီးထံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”**အစီအစဉ်မှ **“NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရွံရှာမုန်းတီးပြီး အမြင်မှန်တွေနဲ့အတူ အဆက်မပြတ်အလင်းဝင်လာကြတဲ့ PDF လူငယ်များ”** ခေါင်းစဉ်ဖြင့် ၃၀-၇-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဆင်ခြင်တုံတရားမရှိသည့် NUG၊ PDF အကြမ်းဖက်သမားများ၏ ဥပဒေမဲ့ လူမဆန်စွာပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာအချက်အလက်များ သိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

**နေပြည်တော်  ဇူလိုင် ၂၈**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများ သိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့် ဖြစ်စဉ်များအား မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် [www.myanmarearthquake.gov.mm](http://www.myanmarearthquake.gov.mm) ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။

ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CB Pay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာတိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များအသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မြဝတီ**

| ၂၈-၇-၂၀၂၅ | | | | |
|---|---|---|---|---|
| **ထူးခြားသည့် နေ့အပူချိန်များ** | ခန္တီး | ၃၅ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် | ပူတာအို | ၃၄ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| | မြစ်ကြီးနား | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | မိုးညှင်း | ၃၄ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| | မချမ်းဘော့ | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ကသာ | ၃၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| | မိုးကောင်း | ၃၄ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် | မြောင်းမြ | ၃၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| | ချောက် | ၃၄ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် | ညောင်ဦး | ၃၂ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |

**မြန်မာ့ပင်လယ်ပြင်**

နေပြည်တော်  ဇူလိုင် ၂၈

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

# ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁ ဦးတွေ့ရှိ

**နေပြည်တော်  ဇူလိုင် ၂၈**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀-၇-၂၀၂၅ ရက် ည ၈ နာရီမှ ၂၇-၇-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၈၈၈ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိနှုန်းမှာ သုည ဒသမ ၁၁ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ် (MTF)က ကြီးမှူး၍ “ MTF President’s Cup Teqball Open Championship 2025 ပြိုင်ပွဲကျင်းပမည်

ရန်ကုန်  ဇူလိုင် ၂၈

မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ် (MTF) က ကြီးမှူး၍ “ MTF President’s Cup Teqball Open Championship 2025” (အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အလွတ်တန်းတက်ဂ်ဘောပြိုင်ပွဲ)ကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၈ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘောလုံးကွင်းရှိ MFF Futsal Indoor Stadium ၌ အမျိုးသားတစ်ဦးချင်း (Men Single)၊ အမျိုးသမီးတစ်ဦးချင်း (Women Single)၊ အမျိုးသားနှစ်ယောက်တွဲ (Men Double)၊ အမျိုးသမီးနှစ်ယောက်တွဲ (Women Double) နှင့်အမျိုးသား၊ အမျိုးသမီးစုံတွဲ (Mixed Double)စသည့် ကစားနည်း ၅ မျိုးဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်တစ်ဦးလျှင် ကြိုက်ရာ ပွဲစဉ်နှစ်မျိုးပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည့်အတွက် စိတ်ပါဝင်စားသူများအနေဖြင့် ကျိုက္ကဆံအားကစားဝင်းအတွင်းရှိ တက်ဂ်ဘောလေ့ကျင့်ရေးရုံ၌ ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၈ ရက်အတွင်း နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ စာရင်းသွင်း၍ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များကို ဆုကြေးများထိုက်တန်စွာချီးမြှင့်မည့်အပြင် အကောင်းဆုံးကစားသမားများကို ၂၀၂၅ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်များအဖြစ်စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမင်းဦးကြိုင် ၀၉-၅၀၃၅၁၄၃ နှင့်စီမံခန့်ခွဲမှုဦးစိုးအောင်ဟိန်း ၀၉-၂၆၀၀၆၁၆၉၉ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

မြဝတီ

**❖ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေနှင့် သံ၊ သံမဏိပစ္စည်း တင်သွင်းရောင်းချသူ၊ ပြည်တွင်းထုတ်လုပ်သူများမှစပြီး တွက်ချက်ပုံစံထုတ်သူ ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူ Developer များ၊ ကန်ထရိုက်တာများ၊ ကြီးကြပ် တည်ဆောက်သူအင်ဂျင်နီယာများနှင့် အရည်အသွေးစစ်ဆေးသူများ အစရှိသည့် Construction Industry တစ်ခုလုံးတွင်ရှိကြသည့်အဆင့်ဆင့်သော Stakeholder များအားလုံးက စနစ်တကျဖြင့် အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းလိုက်နာဆောင်ရွက်ကြ မှသာ ယနေ့ မိမိတို့တာဝန်ယူတည်ဆောက်သော အခြေခံအဆောက်အအုံများသည် အနာဂတ်ကာလများတွင် ငလျင်အန္တရာယ်ကြုံတွေ့လာသည့်အခါ ပြည်သူအများ၏ အသက်အိုးအိမ်လုံခြုံမှုကိုပေးစွမ်းနိုင်မည်ဖြစ်. . .**

☆ စာမျက်နှာ ၁၇ မှအဆက်

**ယခု ၂၀၂၅ ခုနှစ်တွင်လည်း မကြာမီက လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ဖြစ်ပေါ်လာသော ဘူမိသိပ္ပံဆိုင်ရာ အချက်အလက်များအပေါ်အခြေခံပြီး အနာဂတ်ကာလတွင် တွေ့ကြုံလာနိုင်ဖွယ်ရှိသည့် ငလျင်များအတွက် လုံလောက်သော စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ မတူကွဲပြားသည့် ဒေသအလိုက် ပိုမိုအသေးစိတ်တိကျသော ငလျင်ဇုန်မြေပုံများ ဖြည့်စွက်ထည့်သွင်းပေးခဲ့သည့်အပြင် ငလျင်လှုပ်ခတ်စဉ် ပျက်စီးခဲ့သည့် အဆောက်အဦများ၏ ပျက်စီးမှုပုံစံ(Mode of Failure)များကို သုံးသပ်ပြီး အဆောက်အဦအမျိုးအစားအလိုက် တွက်ချက်မှုနည်းစနစ် (Seismic Load Calculation Method)များကိုလည်း ထည့်သွင်းဖော်ပြပြီး ထုတ်ဝေခဲ့ပြီးဖြစ်သည့် အတွက်မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (MNBC) ၂၀၂၅ သည် ငလျင်ဒဏ်ခံနိုင်ရည်ရှိနိုင်မည့် Earthquake Resilient Design Framework တစ်ခုအဖြစ် ဖော်ဆောင်ပေးနိုင်မည်ဖြစ်**ကြောင်းကိုလည်း သိရှိရကြောင်း။

တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေနှင့် သံ၊ သံမဏိ ပစ္စည်းတင်သွင်းရောင်းချသူ၊ ပြည်တွင်းထုတ်လုပ်သူများမှစပြီး တွက်ချက်ပုံစံ ထုတ်သူပညာရှင်များ ၊ ရင်းနှီးမြှုပ်နှံသူ Developer များ၊ ကန်ထရိုက်တာများ၊ ကြီးကြပ်တည်ဆောက်သူအင်ဂျင်နီယာများနှင့် အရည်အသွေးစစ်ဆေးသူများ အစရှိသည့် Construction Industry တစ်ခုလုံးတွင်ရှိကြသည့် အဆင့်ဆင့်သော Stakeholder များ အားလုံးက စနစ်တကျဖြင့် အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းလိုက်နာဆောင်ရွက်ကြမှသာ ယနေ့ မိမိတို့တာဝန်ယူတည်ဆောက်သော အခြေခံအဆောက်အအုံများသည်အနာဂတ်ကာလများတွင် ငလျင်အန္တရာယ်ကြုံတွေ့လာသည့်အခါ ပြည်သူအများ၏ အသက်အိုးအိမ်လုံခြုံမှုကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပသည့် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ (Post Earthquake Technical Forum)တွင် တက်ရောက်လာကြသည့် ပညာရှင်များ အနေဖြင့် ငလျင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများ တည်ဆောက်နိုင်ရေး မိမိတို့နိုင်ငံရှိ တည်ဆောက်ရေးလုပ်ငန်းများ၏ ပကတိအခြေအနေနှင့် သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်သည့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအတိုင်း အပြည့်အဝလိုက်နာဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဝိုင်းဝန်းဆွေးနွေးအဖြေရှာကြရန် ဆွေးနွေးမှာကြားလိုကြောင်း။

နိုင်ငံတော်၏ တည်ဆောက်ရေးကဏ္ဍတွင် ဦးထမ်းပွဲထမ်းဆိုသကဲ့သို့ နေရာစုံမှ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှအင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ ၊ ရင်းနှီးမြှုပ်နှံသူ Developer များ ၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချသူများ အပါအဝင် Stakeholder များ အားလုံးအနေဖြင့် အနာဂတ်ကာလများတွင်မိမိတို့နိုင်ငံသူ နိုင်ငံသားများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချလုံခြုံသော အခြေခံအဆောက်အအုံများ ဖန်တီးတည်ဆောက်ပေးနိုင်ရေး ယနေ့ကျင်းပသည့် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ (Post Earthquake Technical Forum) ကတစ်ဆင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Damage Assessment နှင့် Earthquake Clinic ဆောင်ရွက်ပေးခဲ့ကြသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် မြန်မာနိုင်ငံမြေငလျင်ကော်မတီမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား အထိမ်းအမှတ်ဂုဏ်ပြုမှတ်တမ်းများပေးအပ်သည်။

ထို့နောက် “ငလျင်ကာလအလွန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင်ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း” ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ (Post Earthquake Technical Forum) တွင် သုံးသပ်ဆွေးနွေးမည့်ခေါင်းစဉ်များ၊ ကဏ္ဍအလိုက် ဆွေးနွေးမည့် ပုဂ္ဂိုလ်များနှင့် စာတမ်းဖတ်ကြားမည့် ပုဂ္ဂိုလ်များက တစ်ဦးချင်းမိတ်ဆက်တင်ပြကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများ သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ (Post Earthquake Technical Forum) အထိမ်းအမှတ် ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ “ငလျင်ကာလအလွန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း” ခေါင်းစဉ်ဖြင့်ကျင်းပပြုလုပ်သည့်ငလျင်ကာလအလွန်နည်းပညာဆိုင်ရာဆွေးနွေးပွဲ (Post Earthquake Technical Forum)အား မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အခြေခံအဆောက်အဦများ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအတွက်နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ရန်နှင့် အနာဂတ်တွင်ကြုံတွေ့လာနိုင်သည့်နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်နိုင်ရေး သုံးသပ်ဆွေးနွေးအဖြေရှာနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ဇူလိုင်လ ၂၉ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(၁၀၀)**

---

## ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကြည့်ရှုစစ်ဆေး



**လွိုင်ကော် ဇူလိုင် ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သီရိမင်္ဂလာဈေးသစ်နှစ်ထပ်ဆောင်ခန်းမ၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ဈေးကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်တာဝန်ရှိသူများက ဈေးသစ်တည်ဆောက်ပြီးစီးမှုနှင့် ဈေးရုံသစ်များ တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဈေးအတွင်း ဈေးရုံများ တည်ဆောက်ပြီးစီးမှုနှင့် ဈေးရုံသစ်များ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဈေးအတွင်း ရောင်းဝယ်ဖောက်ကားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ဈေးသူဈေးသားများ၊ ဈေးဝယ်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွိုင်ကော်တက္ကသိုလ် နယ်မြေအတွင်းရှိ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တက္ကသိုလ်ပင်မဆောင် အစည်းအဝေးခန်းမ၌ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားများပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုကို တင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လွိုင်ကော်တက္ကသိုလ်နယ်မြေအတွင်းရှိ ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ ပါမောက္ခချုပ်နေအိမ်များနှင့် ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များနှင့် စာသင်ဆောင်များ၊ အားကစားရုံနှင့် အားကစားကွင်းများ၊ အုတ်တံတိုင်းခြံစည်းရိုးများ ပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းများသည် လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် မထောခူကျေးရွာအုပ်စု၊ ရေနီကန်ကျေးရွာ လယ်ယာကုန်ထုတ်လမ်းကွန်ကရစ်လမ်းနှင့် ကျောက်စီရေမြောင်းလုပ်ငန်းနေရာသို့ရောက်ရှိ၍ ကုန်ထုတ်လမ်းနှင့် ကျောက်စီရေမြောင်းပြုလုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရေနီကန်ကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လမ်းရေရှည်အသုံးပြုနိုင်ရေး စနစ်တကျထိန်းသိမ်းကြရန် ပြောကြားသည်။


ဆက်လက်၍ အဆိုပါကျေးရွာရှိ စံပြဝက်မွေးမြူရေးခြံသို့ရောက်ရှိရာ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက စံပြဝက်မွေးမြူရေးခြံတည်ဆောက်ထားရှိမှု၊ အသားတိုးဝက်နှင့် မျိုးဝက်မများ မွေးမြူထားရှိမှု၊ အစာသိုလှောင်ရုံ၊ မိလ္လာစွန့်ပစ်ကန်များနှင့် ခြင်၊ ယင်၊ လေကာစနစ်များ ထည့်သွင်းဆောင်ရွက်ထားရှိမှုအခြေအနေကို လိုက်လံရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း လိုအပ်သည့်မျိုးဝက်များလုံလောက်စွာ မွေးမြူပြီးအသားကဏ္ဍဖူလုံမှုရှိစေရန်အတွက် ယခုထက် ပိုမိုတိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်မည့်အခြေအနေကို ဖြည့်စွက်တင်ပြသည်။

ယမန်နေ့ညနေပိုင်းကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်ပြည်နယ်ဝန်ကြီးချုပ်တို့သည် လွိုင်ကော်မြို့ ချိကယ် ကန္ဒရဝတီဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ကျောင်းတိုက်ရှိ ဆရာတော် ဘဒ္ဒန္တ တေဇာဝုဓ (သာသနဓဇဓမ္မာစရိယ)အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ထေးသမရပ်ကွက်နှင့် ချိကယ်ကျေးရွာအုပ်စု ကျေးရွာများအတွင်း ပြန်လည်ဝင်ရောက်နေထိုင်ကြသည့် ပြည်သူများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားများပြောကြားပြီး ပြည်သူများက ဖြည့်ဆည်းပေးရန် တင်ပြချက်များအပေါ် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက်သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)စေတီတော်မြတ်နှင့် ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူ ပူဇော်ကာ စေတီတော်များ ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မြဝတီ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် "ငလျင်ကာလအလွန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင်ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း" မှတ်တမ်း Video ကို ကြည့်ရှုစဉ်။

**❖ ပြည်သူများကို နေအိမ်တိုက်တာအိုးအိမ်ပျက်စီးမှုများ ပြန်လည်ထူထောင်နိုင်ရေးကိုလည်း နိုင်ငံတော်က ကနဦးမတည်ငွေကျပ် ငွေ(၅၀၀)ဘီလီယံ ထောက်ပံ့ဆောင်ရွက်ပေးထားပြီးဖြစ်သည့်အပြင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် နောက်ထပ်ကျပ်ငွေ(၂) ထရီလီယံကိုလည်း ဆက်လက်ထောက်ပံ့ပေးနေ. . .**

**❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျသည့်တည်ဆောက်ရေးကဏ္ဍတွင် တည်ဆောက်သည့်အဆောက်အအုံများ၏အရည်အသွေးပြည့်ဝပြီး ခိုင်ခံ့ကောင်းမွန်ရေးသည် အလွန်အရေးကြီးသည့်အချက်ဖြစ်၊ အဓိကအားဖြင့် မိမိတို့လူသားများအနေဖြင့် ယနေ့အချိန်အထိ ကြိုတင်ခန့်မှန်းခြင်း မပြုနိုင်သကဲ့သို့ ရှောင်လွှဲ၍လည်း မရနိုင်သည့် မြေငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်မျိုးနှင့် ရင်ဆိုင်ရသည့်အချိန်မျိုးတွင် မိမိတို့ထူထောင်တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများသည် ငလျင်ဒဏ်ခံနိုင်သည့် စံချိန်စံညွှန်းအရည်အသွေးများနှင့်ကိုက်ညီမှသာ မိမိတို့ ပြည်သူများ၏အသက်အိုးအိမ် ထိခိုက်ဆုံးရှုံးရခြင်းများမှ ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်. . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Damage Assessment နှင့် Earthquake Clinic ဆောင်ရွက်ပေးခဲ့သူအား အထိမ်းအမှတ်ဂုဏ်ပြုမှတ်တမ်းပေးအပ်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် မြန်မာနိုင်ငံမြေငလျင်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဝင် ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသည့် အင်ဂျင်နီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ယနေ့တွင် ကျရောက်သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှု ၄ လပြည့်အဖြစ် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသော ရဟန်း၊ ရှင်၊ လူပြည်သူများအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တစ်မိနစ်ငြိမ်သက်စွာရပ်တန့်ကြသည်။

ထို့နောက် "ငလျင်ကာလအလွန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင်ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း" မှတ်တမ်း Video ကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့နေရာအနှံ့အပြား၌ တိုင်းပြည်နိုင်ငံအသီးသီး ထူထောင်နေထိုင်ခဲ့ကြသည့် လူသားများသည် ယဉ်ကျေးတိုးတက်လာသည့် ကာလမှစပြီး သဘာဝတရား၏ ဖန်တီးထားမှုများအပေါ် နေ့စဉ်လူနေမှုဘဝအဆင်ပြေချောမွေ့ လုံခြုံမှုရရှိစေရေး မိမိတို့၏တီထွင်ဖန်တီးမှု နည်းပညာများဖြင့် တည်ဆောက်နေထိုင်လာကြခြင်းဖြစ်ကြောင်း။


ထိုကဲ့သို့ သဘာဝတရားနှင့် လိုက်လျောညီထွေဖြစ်အောင် တီထွင်ဖန်တီးနေထိုင်ခဲ့ကြသော်လည်း ကမ္ဘာမြေကြီး၏ နောက်ထပ်ပေးထားချက်တစ်ရပ်ဖြစ်သည့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခြင်းများကိုမူ ရှောင်လွှဲ၍မရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ လူ့သမိုင်းတစ်လျှောက် တိုးတက်ဖြစ်ထွန်းလာသည့် သိပ္ပံပညာရပ်များအပေါ်အခြေခံပြီး ကြိုတင်သတိပေးကာကွယ်နိုင်သည့် လေပြင်းမုန်တိုင်းအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်၊ တောမီးလောင်ကျွမ်းမှုအန္တရာယ်များရှိသကဲ့သို့ မြေငလျင်အန္တရာယ်ကဲ့သို့သော တိကျစွာကြိုတင်ခန့်မှန်းခြင်းမပြုနိုင်ဘဲ ရင်ဆိုင်ကြရသည့် သဘာဝဘေးအန္တရာယ်မျိုးလည်းရှိကြောင်း၊ သဘာဝဘေးအန္တရာယ်အမျိုးအစားများအနက် မြေငလျင်သည် ဖွံ့ဖြိုးဆဲနိုင်ငံများသာမက အတိုင်းအတာတစ်ခုထိ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် နိုင်ငံများ၊ ဖွံ့ဖြိုးပြီး နိုင်ငံများ၌ပါ ကြိုတင်ပြင်ဆင်မှု လိုအပ်ချက်ရှိလျှင်ရှိသကဲ့သို့ ထိခိုက်ဆုံးရှုံးမှုကြီးမားစေသည့် သဘာဝဘေးအမျိုးအစားလည်းဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံ၌လည်း စတင်ပြီးသမိုင်းမှတ်တမ်းတင်နိုင်ခဲ့သည့် ၁၈၃၉ ခုနှစ်မှ ယနေ့ကာလအထိ ရစ်(ခ်)တာစကေး(၆)နှင့်အထက် ငလျင်ကြီးပေါင်း(၂၀)ကြိမ်ခန့် လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်ကို သမိုင်းမှတ်တမ်းများအရ သိရှိကြပြီးဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က ရစ်(ခ်)တာစကေး(၇ ဒသမ ၇) ဖြင့် လှုပ်ခတ်သွားခဲ့ပြီး မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး (၅)ခု၌ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်စေခဲ့သည့်မန္တလေးငလျင်ကြီးသည်လည်း စစ်ကိုင်းပြတ်ရွေ့ကြောပေါ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း။

အဆိုပါ မန္တလေးငလျင်ကြီးကြောင့် ရဟန်းရှင်လူပြည်သူ (၃၇၃၉)ဦး အသက်ဆုံးရှုံးခဲ့ရပြီး ကမ္ဘာပေါ်မှာဖြစ်ပွားခဲ့သည့် အသက်ဆုံးရှုံးမှုအရေအတွက် သိန်းဂဏန်းရှိသောငလျင်ကြီးများနှင့် နှိုင်းယှဉ်ပါက များစွာလျော့နည်းသက်သာသော်လည်း မိမိတို့နိုင်ငံအတွက် ကြေကွဲဝမ်းနည်းဖွယ်ဖြစ်ရပ်တစ်ခုဖြစ်ခဲ့ရကြောင်း၊ အခြေခံအဆောက်အအုံပျက်စီးမှုများအနေဖြင့် လူနေအိမ် (၅၀၀၀၀)ကျော်အပါအဝင် လမ်း၊ တံတားများ၊ တာဝါတိုင်များ၊ ကျောင်း၊ ဆေးရုံများ၊ သာသနိကအဆောက်အဦများ၊ စက်ရုံ/ အလုပ်ရုံများစွာ ထိခိုက်ပျက်စီးခဲ့ရကြောင်း။

ပြည်သူများကို နေအိမ်တိုက်တာအိုးအိမ်ပျက်စီးမှုများ ပြန်လည်ထူထောင်နိုင်ရေးကိုလည်း နိုင်ငံတော်က ကနဦး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum) အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့်လှည့်လည်ကြည့်ရှုစဉ်။

မတည်ငွေကျပ်ငွေ(၅၀၀)ဘီလီယံ ထောက်ပံ့ဆောင်ရွက်ပေးထားပြီးဖြစ်သည့် အပြင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက်နောက်ထပ် ကျပ်ငွေ(၂)ထရီလီယံကိုလည်း ဆက်လက်ထောက်ပံ့ပေးနေကြောင်း။

ငလျင်ဘေးအန္တရာယ်ကို ယခုအချိန်အထိ တိုးတက်သည့် သိပ္ပံပညာရပ်များနှင့် တိကျစွာကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိသေးသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့အခြေအနေမျိုးတွင် မိမိတို့အနေဖြင့် ဆောင်ရွက်နိုင်သည်မှာ တတ်နိုင်သမျှ အကောင်းဆုံး ကြိုတင်ပြင်ဆင်ခြင်းပင်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်းဆိုရာတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရန် ပြင်ဆင်ခြင်းသာမက သဘာဝဘေးအန္တရာယ်များကျရောက်လာချိန်တွင် ပြည်သူများ၏ အသက် အိုးအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုနည်းပါးအောင် ကြိုတင်မြော်တွေးပြင်ဆင်ခြင်းသည် အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

**ယနေ့ကျင်းပပြုလုပ်သည့် "ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ (Post Earthquake Technical Forum)"သည် ဖြစ်ပွားပြီးသည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးရမှုများကို ပြန်လည်ကုစားရန်နှင့် ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက်သာမက ငလျင်ပြတ်ရွေ့ကြောပေါ်တွင်တည်ရှိနေသည့် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ကာလများတွင် ငလျင်အန္တရာယ်ရင်ဆိုင်ရသည့်အခါ ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် မည်ကဲ့သို့ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြမည်ဆိုသည်ကို ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်သောကြောင့် မိမိတို့နိုင်ငံရှိ တည်ဆောက်ရေးကဏ္ဍ၏ လိုအပ်ချက်များကို ထိရောက်အကျိုးရှိစွာ ဖော်ထုတ်ဆွေးနွေးပေးကြရန် မှာကြားလို**ကြောင်း။

ကမ္ဘာတွင် ငလျင်ဒဏ်ခံရသည့် နိုင်ငံများစွာရှိကြောင်း၊ ယင်းတို့အနက် ဂျပန်၊ တရုတ်၊ အင်ဒိုနီးရှား စသည့် အာရှနိုင်ငံများသည် နည်းပညာနှင့် အရည်အသွေးကောင်းသည့် တည်ဆောက်ရေးပစ္စည်းများကိုအသုံးပြုပြီး မိုးမျှော်တိုက်များ၊ အထပ်မြင့်၊ အဆင့်မြင့်အဆောက်အဦများ တည်ဆောက်နိုင်သည်ကို တွေ့နိုင်ကြောင်း၊ မိမိတို့သည်လည်း မည်သည့်အတွက်ကြောင့် မလုပ်ဆောင်နိုင်ရမည်နည်းဟု စဉ်းစားနိုင်ရန်လိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျသည့် တည်ဆောက်ရေးကဏ္ဍတွင် တည်ဆောက်သည့်အဆောက်အအုံများ၏ အရည်အသွေးပြည့်ဝပြီး ခိုင်ခံ့ကောင်းမွန်ရေးသည် အလွန်အရေးကြီးသည့်အချက်ဖြစ်ကြောင်း၊ အဓိကအားဖြင့် မိမိတို့လူသားများအနေဖြင့် ယနေ့အချိန်အထိ ကြိုတင်ခန့်မှန်းခြင်း မပြုနိုင်သကဲ့သို့ ရှောင်လွှဲ၍လည်းမရနိုင်သည့် မြေငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်မျိုးနှင့် ရင်ဆိုင်ရသည့်အချိန်မျိုးတွင် မိမိတို့ ထူထောင်တည်ဆောက်ထားသည့် အခြေခံအဆောက်အဦများသည် ငလျင်ဒဏ်ခံနိုင်သည့် စံချိန်စံညွှန်း အရည်အသွေးများနှင့် ကိုက်ညီမှသာ မိမိတို့ ပြည်သူများ၏အသက် အိုးအိမ် ထိခိုက်ဆုံးရှုံးရခြင်းများမှ ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးသည့်နောက် ထိခိုက်ပျက်စီးခဲ့ရသည့် နိုင်ငံပိုင်ရုံးအဆောက်အဦနှင့် လူနေတိုက်တာ အိမ်ခြေများကို ဆန်းစစ်သည့်နေရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများက အင်ဂျင်နီယာများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့တို့ ပူးပေါင်းစစ်ဆေးခဲ့ကြပြီး ပျက်စီးမှုအခြေအနေအလိုက် အရောင်ခွဲခြားသတ်မှတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည့်အပြင် ငလျင်ဒဏ်သင့် အဆောက်အဦများပြုပြင်နိုင်ရေး ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အဦ၊ လမ်း၊ တံတားများအတွက် ပျက်စီးမှုအမျိုးအစားနှင့် ပျက်စီးမှုပုံစံများအလိုက် ပြန်လည်ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure –SOP)နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများ၊ ဘုရား၊ စေတီများနှင့်သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရန်နှင့် အသစ်ပြန်လည် တည်ဆောက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure – SOP)ကိုလည်း ရေးဆွဲထုတ်ပြန်ပေးခဲ့ကြသည့်အတွက် များစွာကျေးဇူးတင်သည်ကို ပြောကြားလိုကြောင်း၊ ငလျင်ဒဏ်သင့်အဆောက်အဦများကို ပြန်လည်တည်ဆောက်ရေးအတွက် "အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ" ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်စေလျက်ရှိကြောင်း။

တည်ဆောက်ရေးလုပ်ငန်းများ၌ စံချိန်စံညွှန်းများ စနစ်တကျရှိစေရေးအတွက်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းနှင့် မြန်မာနိုင်ငံ ငလျင်ကော်မတီ အပါအဝင် မြို့ပြအင်ဂျင်နီယာနှင့် ငလျင်ဆိုင်ရာအသင်းအဖွဲ့များက ပေါင်းစပ်ညှိနှိုင်းပြုစုပြီး **၂၀၁၂ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (MNBC) ကို ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၂၀ ပြည့်နှစ်တွင်တစ်ကြိမ် ပြင်ဆင်ထုတ်ပြန်ခဲ့ကြပြီး**

**စာမျက်နှာ ၁၅ သို့** ✮

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# SAC Chairman Prime Minister Senior General Min Aung Hlaing delivers inaugural speech at opening of Post Earthquake Technical Forum



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivers an address at the Post-Earthquake Technical Forum held at the Mingala Thiri Hotel in Nay Pyi Taw.

NAY PYI TAW July 28

A ceremony to launch the Post-Earthquake Technical Forum under the title of technically reviewing post-earthquake construction and renovation process and preparing potential technical challenges in the future was held at Mingala Thiri Hotel in Nay Pyi Taw this morning, with an opening address by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing.

Also present at the forum were Vice-Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, Council Joint Secretary General Ye Win Oo, SAC members, Union-level dignitaries, Union ministers, senior military officers from the Office of the Commander-in-Chief, deputy ministers, experts at home and abroad, engineers from Myanmar Engineering Council, the Myanmar Architects Council, the Federation of Myanmar Engineering Societies, the Expert Committee for the Supervision and Inspection of High-Rise and Public-Use Building Construction Projects, the Myanmar Geosciences Society, and the Myanmar Earthquake Committee, and guests.

First, the Senior General and forum participants observed a one-minute silence for demise of monks and people in the devastating Mandalay earthquake in memory of today's 4th month incident.

They all viewed a video clip on the technically reviewing post-earthquake construction and renovation process and preparing potential technical challenges in the future.



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing inspects an exhibition booth at the Post-Earthquake Technical Forum at the Mingala Thiri Hotel in Nay Pyi Taw.

Speaking on the occasion, the Senior General said that throughout the world, people in various countries have established and lived their lives, and since the time civilization advanced, they have built their daily lives upon the creations of nature using their own innovations and technologies to ensure comfort, smoothness, and safety.

Although humans have lived in harmony with nature through their innovations and creations, it is widely recognized that they cannot avoid the natural disasters that are another gift from the Earth. Based on scientific knowledge developed throughout human history, there are natural hazards such as typhoons, floods, and forest fires that can be anticipated and mitigated. However, there are also natural disasters like earthquakes, which cannot be precisely predicted and must be faced when they occur. Among various types of natural hazards, earthquakes pose significant risks not only to developing countries but also to countries that are somewhat developed or fully developed, requiring preparedness to minimize the potentially devastating damage they can cause.

Myanmar, historical records show that since 1839 up to the present day, there have been about 20 major earthquakes measuring Richter scale 6 and above, causing significant destruction and loss. It is also well known that on 28 March 2025, an earthquake measuring 7.7 on the Richter scale struck, causing damage to five states and regions including Mandalay, Sagaing, and Nay Pyi Taw. This Mandalay earthquake was felt along the Sagaing Fault Line, as is widely recognized.

Due to the Mandalay earthquake, 3,739 monks and civilians lost their lives. Although this death toll is significantly lower compared to major earthquakes worldwide that have resulted in hundreds of thousands of casualties, it remains a tragic and heartbreaking event for our country. As for the damage to infrastructure, more than 50,000 houses, along with roads, bridges, transmission towers, schools, hospitals, religious buildings, and numerous factories and workplaces were severely damaged or destroyed.

The government has initially provided financial support of Ks-500 billion to help citizens rebuild their damaged homes and shelters. In addition, an

See Page - 21►►

# Naga Self-Administered Zone grows more than 1,000 acres of soya bean this year

NAGA July 28

Local farmers planted more than 1,000 acres of soya bean in Naga Self-Administered Zone of Sagaing Region this year, according to the Regional Agriculture Department Office.

During the 2025-2026 monsoon crop season, it is planned to cultivate 1,258 acres of soya bean in the Naga Self-Administered Zone. Cultivation began in May this year, and as of today, a total of 1,069 acres of crops have been planted.



Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture, stated:

"This year, during the monsoon crop season, a total of 1,258 acres of soya bean are planned to be cultivated in the Naga Self-Administered Zone. So far, a total of 1,069 acres have been cultivated. Efforts are ongoing to fully achieve the target acreage. Educational activities will also be conducted to prevent pest outbreaks. Additionally, arrangements have been made to ensure that the necessary seeds are available and that farmers are made aware of them."

This year, Leshi Township planted 69 acres of soya bean, Summara 16 acres, Lahe Township 390 acres, Thangpakwe 115 acres, Nanyun Township 177 acres, Donhee 231 acres and Pansawng 71 acres, totalling 1,069 acres.

During this cultivation season, Leshi Township has planned to grow 311 acres of soya bean, Summara 11 acres, Lahe Township 349 acres, Thangpakwe 122 acres, Nanyun Township 142 acres, Donhee 252 acres and Pansawng 71 acres, totalling 1,258 acres.

In the Naga Self-Administered Zone, the respective township-level Agriculture Departments are providing educational support to farmers cultivating various types of pulses. This includes guidance on selecting high-quality and pure seeds suitable for the region, proper cultivation methods, pest prevention, systematic use of fertilizers, and improving yield.

During this year's monsoon crop season, efforts are being made in collaboration with farmers to ensure better yield and quality of pulse crops by supplying quality seeds, necessary agricultural inputs, and post-harvest techniques such as timely and effective storage methods.

**SK**

# Sweet potatoes marketable in Danubyu Township

DANUBYU July 28

"Sweet potatoes produced by Danubyu Township of Ayeyawady Region are in high demand at the domestic market," said Daw Hla Hla Win, the owner of agricultural produce trading commodity in Danubyu Township.

In Danubyu Township, since the first week of June this year until today, the trade of locally grown sweet potatoes has been going well. It is currently the harvest season for sweet potatoes, and the price has reached up to Ks-4,200 per viss.

"This is the time when the sweet potatoes planted by local farmers are starting to yield. Since the market for sweet potatoes is strong at the moment, not only are the farmers benefiting from good prices, but agricultural laborers are also finding better opportunities. One of the reasons the sweet potatoes price is good this year is that fewer farmers planted sweet potatoes compared to last year, while demand in both local markets and the Yangon market remains high," said Daw Hla Hla Win, an agricultural produce trader in Danubyu Township.

In Danubyu Township, farmers cultivate sweet potatoes and other seasonal crops alongside rice farming. Sweet potatoes are planted by individual farmers in plots ranging from one to five acres. The general cultivation cost for one acre of taro this season is reported to be up to Ks-350,000, and if the crop grows well without significant losses, profits can exceed Ks-900,000 per acre. **SMK**

# Mawlaik District grows over 1,400 acres of rainfed vegetables



MAWLAIK July 28

A total of 1,405 acres of vegetable crops have been planted in Mawlaik District in Sagaing Region during this year rain crops planting season, according to the statistics of the Department of Agriculture for Mawlaik District.

Mawlaik District has planned to plant 2,645 acres of vegetable crops during the 2025-2026 rain crops planting season, and planting has begun since May this year. To date, 1,053 acres have been planted in Mawlaik Township and 352 acres in Phaungpyin Township, a total of 1,405 acres.

"We are working to achieve the target acreage. These include mustards, chilis, spices, potatoes, cabbages and eggplants. We are providing farmers with technology to grow all vegetables using the GAP system. We are providing farmers with technology to grow all vegetables with minimal chemical residues and in a healthy way," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

The acreages of vegetables earmarked for cultivation in Mawlaik District in 2025-2026 rain crops planting season are as per following: 1,109 acres in Mawlaik Township and 1,536 acres for Phaungpyin Township, for a total of 2,645 acres.

**SMK**

# Local authorities earmark cultivation of more than 120,000 acres of monsoon paddy

KALAY July 28

Statistics of Kalay Township Agriculture Department stated that local authorities have adopted a plan to grow more than 120,000 acres of monsoon paddy in Kalay Township of Sagaing Region this year.

During the 2025–2026 monsoon cropping season, it is planned to cultivate a total of 127,157 acres of monsoon paddy in Kalay Township. According to reports, the planting of these paddy fields will begin in June and continue through September of this year.


"The plan for this year's monsoon cropping season in Kalay Township is to cultivate over 120,000 acres of monsoon paddy. Efforts will be made to ensure the targeted acreage is fully cultivated. We will provide necessary technologies and high-quality paddy varieties for cultivation. Field-level support will also be provided to farmers so they can plant their paddy in a timely manner," said U Naing Tun Win, Head of the Kalay Township Department of Agriculture.

To ensure systematic and uninterrupted paddy cultivation during this year's monsoon cropping season, the relevant township agricultural department will collaborate closely with local farmers.

It is also reported that support will be provided to monsoon paddy farmers in Kalay Township, including technical agricultural training, pest prevention awareness, measures to prevent crop loss, and timely post-harvest storage of paddy under sheltered conditions.

To ensure successful cultivation and good yields from this year's monsoon paddy fields in Kalay Township, staff from the township's Department of Agriculture will carry out field activities such as selecting quality and pure seed varieties, pest control, proper weeding and thinning of different species, removal of mixed varieties, and systematic use of fertilizers. **SK**

# Thailand, Cambodia agree on ceasefire, says Malaysian PM



PUTRAJAYA July 28

Thailand and Cambodia's leaders have agreed to implement a ceasefire starting midnight on Monday, Malaysian Prime Minister Anwar Ibrahim said following a meeting hosted by him here.

At a joint press conference with Cambodian Prime Minister Hun Manet and acting Thai Prime Minister Phumtham Wechayachai following the ceasefire talks, Anwar outlined a step-by-step de-escalation process and the mechanism through which it will be implemented and monitored.

"Both Cambodia and Thailand reached a common understanding as follows -- an immediate and unconditional ceasefire with effect from 24:00 hours (local time) on 28 July 2025. This is a vital first step towards de-escalation and the restoration of peace and security," he said.

According to Anwar, the initial ceasefire will be followed by the reestablishment of contacts between the regional army commanders on both sides through a face-to-face meeting at 7 a.m. local time on July 29, which will be followed by a meeting of the defence attaches of both sides, led by the chair of the Association of Southeast Asian Nations (ASEAN) if both sides are agreeable, and finally a meeting of the General Border Committee (GBC) on August 4 to be hosted by Cambodia.

"As the current chair of ASEAN, Malaysia stands ready to coordinate an observer team to verify and ensure the implementation of the ceasefire. Malaysia will also consult with fellow ASEAN member states to participate in the observation effort, reflecting a regional commitment to supporting peace on the ground," he said.

"Both sides also agree to resume direct communications between both prime ministers, foreign ministers and defense ministers," Anwar added. **Xinhua**

# Jordan, UAE airdrop fresh aid into Gaza



AMMAN July 28

The Jordanian Armed Forces said on Monday they carried out another two humanitarian airdrops into the Gaza Strip in coordination with the United Arab Emirates (UAE), as part of ongoing efforts to deliver essential aid to the Gazans amid continued Israeli blockade.

The operation was conducted using two C-130 aircraft from the Royal Jordanian Air Force and the UAE Air Force, carrying a total of 17 tons of food and basic relief supplies, the Jordanian Armed Forces said in a statement.

Aid airdrops over Gaza resumed on Saturday amid mounting international pressure on Israel over its blockade, which has caused mass starvation in the enclave.

Since the beginning of the conflict between Hamas and Israel in October 2023, Jordan has conducted 128 airdrops separately, in addition to 268 joint operations with partner and friendly countries, the statement said. **Xinhua**

# Moscow supports Africa in struggle against neocolonialism – Medvedev

MOSCOW July 28

Former Russian President Dmitry Medvedev has expressed strong support for African political parties engaged in the fight against neocolonialism and reaffirmed Russia's commitment to strengthening political dialogue and cooperation across the continent.

The remarks were delivered on Saturday in a message to the Liberation Movements Summit in South Africa. Medvedev, who currently serves as deputy chairman of Russia's Security Council and head of the United Russia party, stated his belief that African political parties, shaped by their longstanding struggle against imperialism, will continue to serve as a powerful political force, as well as "a guarantor of stability and socio-economic progress in their countries for many years to come."

He emphasized that United Russia places a high priority on partnerships with African political parties, "particularly on the issue of combating neocolonialism, whose ideologues – the former colonial powers – continue their attempts to subjugate the free peoples of Africa, whose representatives have gathered on South African soil."

According to Medvedev, United Russia remains fully committed to supporting initiatives that advance a multipolar world order built on the principles of equal partnership and national sovereignty. He highlighted that many of the organizations represented at the summit have maintained longstanding ties with his party and share a common vision of global development free from external domination.

Speaking to RT on the sidelines of the summit, ANC Treasurer General Dr. Gwen Ramokgopa said that the movements must adapt to remain relevant and need to shift from political liberation to pursuing "economic emancipation and shared prosperity."

The Liberation Movements Summit, which is being held over July 25-28, has gathered representatives from parties such as South Africa's ANC, Mozambique's FRELIMO, Namibia's SWAPO, Zimbabwe's ZANU-PF, and Tanzania's Chama Cha Mapinduzi.

**RT**

# Indonesian scientists discover new morel mushroom species on Mt. Rinjani

JAKARTA July 28

A team of researchers has discovered a new species of morel mushroom in the Mount Rinjani Biosphere Reserve, located in Indonesia's West Nusa Tenggara Province, a researcher announced on Monday.

The species, scientifically named Morchellarinjaniensis, was found on the slopes of the mountain on Lombok Island by researchers from Indonesia's National Research and Innovation Agency (BRIN), according to Atik Retnowati, a researcher at BRIN's Research Center for Biosystemics and Evolution.

"This species has a unique combination of characteristics not found in other Morchella species, both morphologically and molecularly," said Retnowati in a statement.

She emphasized that genetic analysis of four genes revealed distinct differences between this mushroom and other known Morchella species.

"Therefore, scientifically, it can be classified as a new species," she explained.

Retnowati added that the newly identified morel mushroom has a fruiting body that can grow up to 19 centimeters in height, with an irregular pattern of pits and large spores.

**Xinhua**



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing inspects an exhibition booth at the Post-Earthquake Technical Forum at the Mingala Thiri Hotel in Nay Pyi Taw.

►► From Page - 18

additional Ks-2 trillion are being continuously allocated to support ongoing reconstruction and restoration efforts.

It is widely known that, despite advancements in scientific knowledge, earthquake hazards cannot yet be predicted with precision. In such circumstances, the best course of action is to prepare as thoroughly as possible. Preparedness does not only involve ensuring timely rescue operations and swift post-disaster recovery efforts but also includes anticipating ways to minimize loss of life and property when natural disasters strike. This is a crucial aspect of disaster management.

Today's Post-Earthquake Technical Forum aims not only to discuss recovery and reconstruction efforts following the devastating Mandalay earthquake but also to strategize how Myanmar—situated on an active seismic fault—can minimize future earthquake damage. Therefore, it is essential to effectively identify and discuss the needs of the country's construction sector.

Many countries worldwide suffer from earthquakes. Among them, Asian nations like Japan, China, and Indonesia have utilized advanced technology and high-quality construction materials to build skyscrapers and high-rise structures. We must ask ourselves: Why can't we do the same?

For national development, the construction sector is vital. Ensuring that buildings are durable and meet high-quality standards is critical. Since earthquakes remain unpredictable and unavoidable, infrastructure must comply with seismic-resistant standards to effectively protect lives and property.

After the Mandalay earthquake, government offices and residential buildings were inspected by teams from the Ministry of Construction, other relevant ministries, engineers from the Myanmar Engineering Council, the Myanmar Engineering Society, and the High-Rise and Public Building Construction Project Supervision Committee. They assessed damage levels and categorized structures accordingly. Additionally, Standard Operating Procedures (SOPs) were developed for repairing earthquake-damaged buildings, roads, and bridges, as well as for restoring ancient monuments, pagodas, and religious structures in collaboration with the Ministry of Religious Affairs and Culture. A Building Rehabilitation and Reconstruction Supervision Committee was also formed to oversee systematic reconstruction efforts.



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing presents a certificate of honour to an official of an organization, which took part in post-earthquake damage assessments after the Mandalay earthquake.

To ensure construction standards, the Ministry of Construction, in collaboration with the Myanmar Engineering Council, Myanmar Architects Council, Myanmar Engineering Society, Myanmar Geoscience Society, and the Myanmar Earthquake Committee, has been updating the Myanmar National Building Code (MNBC) since its initial release in 2012. Revisions in 2016 and 2020 incorporated seismic zone maps and structural failure analyses. The upcoming MNBC 2025 will integrate new geological data from the Mandalay earthquake, introducing enhanced seismic design standards and calculation methods to create an Earthquake-Resilient Design Framework.

Only when all stakeholders in the entire construction industry from importers and domestic producers of construction materials such as cement, iron and steel to designers, developers, contractors and supervisors cooperate conscientiously, will infrastructures we are building today withstand future earthquakes and safety of lives and property of the people be ensured.

Therefore, technicians participating in today's Post-Earthquake Technical Forum are urged to discuss and find solutions frankly to abide by rules and regulations issued in accordance with the reality of construction works fully.

In conclusion, the Senior General urged all stakeholders including government staff, engineers and architects from the private sector, developers, importers, producers and distributors of construction materials, who are shouldering their respective duties in the construction sector of the country to make concerted efforts to create and build safe and secure infrastructures for citizens in the future through the Post-Earthquake Technical Forum held today.

Then, the Senior General presented certificates of honour to chairmen and officials of the Myanmar Engineering Council, the Myanmar Architect Council, the Federation of Myanmar Engineering Societies, the Supervisory Committee for Highrise Buildings and Public Infrastructure Construction Projects, the Myanmar Geosciences Society and Myanmar Earthquake Committee, who carried out damage assessments and established earthquake clinics.

Afterward, resource persons for respective papers and sectors at the Post-Earthquake Technical Forum for technical review for post-earthquake reconstruction and future technical challenges introduced themselves.

Then, the Senior General and participants posed for documentary photographs.

Afterward, the Senior General and attendees viewed the exhibition booths of the forum attentively.

The Post-Earthquake Technical Forum for technical review for post-earthquake reconstruction and future technical challenges will continue until 29 July with the aim of finding technical solutions for reconstruction of infrastructures damaged during the Mandalay earthquake and preparations for future technical challenges.

**100**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## Modern Technology and Innovation

မောင်ယုယ စုစည်းတင်ပြသည်။

# ရေအောက်သွား မောင်းသူမဲ့ရေယာဉ်များကို ဗြိတိန်နိုင်ငံ၏ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းက အောင်မြင်စွာစမ်းသပ်ပစ်လွှတ်

ဗြိတိန်တော်ဝင်ရေတပ်မတော်သည် မောင်းနှင်သူ လိုက်ပါခြင်းမရှိသည့် ရေအောက်သွားရေယာဉ်များကို နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းမှ အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခဲ့ပြီဖြစ်သည်။

ဗြိတိန်ရေတပ်မတော်သည် Project Scylla ဟုအမည်ပေးထားသည့် အဆိုပါစမ်းသပ်မှုအတွင်း ရေတပ်ဖွဲ့၏ရေအောက်စစ်ဆင်မှုစွမ်းရည်ကို တိုးမြှင့်နိုင်ရန်အတွက် ရေငုပ်သင်္ဘောမှ မောင်းသူမဲ့ရေအောက်သွားရေယာဉ်များကို မြေထဲပင်လယ်အတွင်း၌ မကြာသေးမီအချိန်က စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့စမ်းသပ်ရာတွင် Astute အတန်းအစား တိုက်ခိုက်ရေး ရေငုပ်သင်္ဘောရှိ တော်ပီဒိုများ ပစ်လွှတ်သည့် ပြွန်မှတစ်ဆင့် မောင်းသူမဲ့ရေအောက်သွားရေယာဉ်များကို စမ်းသပ်ခဲ့ခြင်းဖြစ်သည်။



ဗြိတိန်တော်ဝင် ရေတပ်မတော်၏ Astute အတန်းအစား တိုက်ခိုက်ရေး ရေငုပ်သင်္ဘောသည် အလေးချိန်အားဖြင့် ၇၄၀၀ တန်ရှိပြီး သင်္ဘောတွင် Tomahawk ခရုစ်ဒုံးကျည်များနှင့် Spearfish တော်ပီဒိုများကို တပ်ဆင်ထားပြီး တစ်ကမ္ဘာလုံး၏ မည်သည့်နေရာတွင်မဆို ရန်သူ၏ရေဒါကိုရှောင်ရှား၍ မောင်းနှင်သွားလာနိုင်သည်။

အဆိုပါစမ်းသပ်မှု၏ အဓိကရည်ရွယ်ချက်မှာ တော်ဝင်ရေတပ်ဖွဲ့၏ ရေအောက်စောင့်ကြည့်ရေး၊ ပင်လယ်ကြမ်းပြင်စစ်ပွဲဆင်နွှဲရေးနှင့် ရေအောက်ဆက်သွယ်ရေးစနစ်များအား လုံခြုံမှုရှိစေရေးအတွက်ဖြစ်သည်။

ရေငုပ်သင်္ဘောမှ ရေအောက်သွား မောင်းသူမဲ့ရေယာဉ်များ ပစ်လွှတ်စမ်းသပ်မှုကို ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ရေငုပ်သင်္ဘောဆိုင်ရာအေဂျင်စီ (SDA) နှင့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် L3Harris တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါစမ်းသပ်မှုသည် အနာဂတ်ရေတပ်စစ်ဆင်မှုကို ပုံဖော်ရာတွင် များစွာအထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ထားသည်။

Project Scylla စီမံကိန်းသည် ဗြိတိန်၊ အမေရိကန်နှင့် ဩစတြေးလျနိုင်ငံတို့ ပါဝင်သည့် AUKUS သုံးနိုင်ငံ လုံခြုံရေးအဖွဲ့၏ ဒုတိယအဆင့် ပူးပေါင်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

Ref: Vp




# ခြင်အရွယ်အစားသာရှိသည့် စစ်ဘက်သုံးအသေးစားဒရုန်း၏ စွမ်းဆောင်ရည် တိုးတက်မှုအတွက် AI နည်းပညာကို တရုတ်အသုံးပြုမည်

တရုတ်နိုင်ငံသည် ၎င်းတို့တီထွင်ထုတ်လုပ်ခဲ့သည့် ခြင်အရွယ်အစားသာသာရှိသည့် စစ်ဘက်သုံး ဒရုန်းအသစ်တစ်မျိုး၏ စွမ်းဆောင်ရည်တိုးတက်စေရန်အတွက် ဉာဏ်ရည်တုနည်းပညာ (AI) ကို အသုံးပြုမည်ဖြစ်သည်။

အဆိုပါ အသေးစားဒရုန်းကို အမျိုးသားကာကွယ်ရေးနည်းပညာတက္ကသိုလ် (NUDT) ကထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းကို သတင်းအချက်အလက်ရယူစုဆောင်းရန်နှင့် စစ်မြေပြင်ရှိ အထူးစစ်ဆင်ရေးများတွင်အသုံးပြုရန် အထူးသင့်လျော်ကြောင်း NUDT မှ ကျောင်းသားတစ်ဦးဖြစ်သူ လျန်ဟေရှန်းကပြောသည်။

အဆိုပါဒရုန်းတွင် အတောင်ပံနှစ်ခုနှင့် ဆဲလ်ဖုန်းမှတစ်ဆင့် ထိန်းချုပ်နိုင်သည့် ခြေထောက်များပါဝင်သည်။ ဒရုန်း၏အရွယ်အစားမှာ သေးငယ်လွန်းသောကြောင့် လျှို့ဝှက်စစ်ဆင်မှုများကို လုပ်ဆောင်ရာတွင် အားသာချက်များရရှိနိုင်သော်လည်း ဒရုန်းတွင် သယ်ဆောင်နိုင်သည့် ဝန်၊ ဆင်ဆာများ၊ ဘက်ထရီ စသည်တို့အား တပ်ဆင်အသုံးပြုရာတွင် ကန့်သတ်မှုများရှိနေသည်။

အဆိုပါအားနည်းချက်များကို ဖယ်ရှားနိုင်ရန်အတွက် NUDT သည် ဒရုန်း၏စစ်ပွဲဆင်နွှဲမှုနှင့် လျှို့ဝှက်ထောက်လှမ်းမှုစွမ်းရည်များတိုးတက်လာစေရန်အတွက် ဉာဏ်ရည်တုနည်းပညာ (AI) ကို ဆက်လက်အသုံးပြုရန်စီစဉ်ထားသည်။ Ref:TDc

# လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ခန့်က အသုံးပြုခဲ့ဖွယ်ရှိသည့် မြေလျှင်တိုင်းတာရေး ကိရိယာတစ်ခုကို ပြန်လည်တည်ဆောက်ရန် တရုတ်ပညာရှင်များကြိုးပမ်း

တရုတ်သိပ္ပံပညာရှင်များသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ခန့်က အသုံးပြုခဲ့ဖွယ်ရှိသည့် မြေလျှင်တိုင်းတာရေးကိရိယာတစ်ခုကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။

အဆိုပါ ငလျင်တိုင်းတာရေးကိရိယာကို တရုတ်ကျွမ်းကျင်သူတစ်ဦးဖြစ်သူ ကျန်းဟန်က အေဒီ ၁၃၂ ခုနှစ်တွင် တီထွင်ထုတ်လုပ်ခဲ့သည်ဟုယူဆရပြီး အဆိုပါကိရိယာကို ကမ္ဘာ့ပထမဆုံးသောမြေလျှင်တိုင်းတာရေးကိရိယာအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ယူဆခဲ့ကြသည်။ အဆိုပါကိရိယာကို ကနဦးက “ဟောင့်ဖန် တိတုန်းယီ” ဟု အမည်ပေးထားသည်။

အဆိုပါမြေလျှင်တိုင်းတာရေးကိရိယာတွင် ကြေးဝါဖြင့်ပြုလုပ်ထားသည့် ကရားတစ်လုံး၊ အရုပ်ရှစ်မျက်နှာသို့ မျက်နှာမူထားသည့် နဂါးရှစ်ကောင်၊ နဂါးတစ်ကောင်စီသည် ၎င်း၏မေးရိုးတွင်ဘောလုံးတစ်လုံးစီကို ကိုက်ထားပြီး ကရား၏ရှေ့ဘက်တွင် ဖားပြုပ်များထိုင်နေသည့် ကိရိယာတစ်ခုဖြစ်သည်။

မြေလျှင်လှုပ်ရှားပါက မြေလျှင်ဗဟိုပြုလှုပ်ခတ်ရာသို့ မျက်နှာမူနေသည့် နဂါးက ၎င်း၏မေးရိုးအတွင်းမှ ဘောလုံးအား ဖားပြုပ်၏ပါးစပ်အတွင်းသို့ ပစ်ချမည်ဖြစ်သည်။

တရုတ်အစိုးရသည် အဆိုပါအယူအဆကို ပြဋ္ဌာန်းစာအုပ်များတွင် ထည့်သွင်းပြဋ္ဌာန်းခြင်းမှ ၂၀၁၇ ခုနှစ်တွင် ဖယ်ရှားပစ်ခဲ့သော်လည်း လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ခန့်က အသုံးပြုခဲ့ဖွယ်ရှိသည့် ရှေးခေတ်မြေလျှင်တိုင်းတာရေးကိရိယာအား ခေတ်သစ်သိပ္ပံပညာနှင့် အင်ဂျင်နီယာပညာရပ်တို့ဖြင့် ပေါင်းစပ်၍ ပြန်လည်တည်ဆောက်ရန် တရုတ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအင်စတီကျူမှ သုတေသီတစ်ဦးဖြစ်သူ ရှုကော့တုန်းက ကြိုးပမ်းနေခြင်းဖြစ်သည်။ Ref: Mc



## မလေးရှား၏ ကြားဝင်ဖျန်ဖြေမှုကြောင့် ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံအကြား အပစ်အခတ်ရပ်စဲရေးနှင့် နှစ်နိုင်ငံအကြားတင်းမာမှုလျှော့ချရေး သဘောတူ



ကွာလာလမ်ပူ၊ အပစ်အခတ်ရပ်စဲရေး

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်နှင့် ထိုင်းယာယီဝန်ကြီးချုပ် ဖွမ်သန်ဗီချိုင်ချိုင်တို့အကြား ဇူလိုင်လ ၂၈ ရက်တွင် မလေးရှားနိုင်ငံ ပူထရာဂျာယာမြို့၌ တွေ့ဆုံဆွေးနွေးပြီးနောက် အပစ်အခတ်ရပ်စဲရေးနှင့်နှစ်နိုင်ငံအကြားတင်းမာမှုလျှော့ချရေးအတွက် သဘောတူလိုက်ပြီဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံဝန်ကြီးချုပ်များသည် မလေးရှားဝန်ကြီးချုပ် အန်နဝါအီဘရာဟင်က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အဆင့်မြင့်တွေ့ဆုံပွဲအတွင်း တွေ့ဆုံဆွေးနွေးပြီးနောက် အပစ်အခတ်ရပ်စဲရန်နှင့် တင်းမာမှုများကို လျှော့ချရန်ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါသဘောတူညီချက်အရ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့အကြား အပစ်အခတ်ရပ်စဲမှုသည် ဇူလိုင်လ ၂၈ ရက် ဒေသစံတော်ချိန် သန်းခေါင်ယံအချိန်မှစတင် အသက်ဝင်မည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အီဘရာဟင်က ပြောသည်။

ထို့ပြင် ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံကြား နှစ်နိုင်ငံစလုံးမှ တပ်မတော်များအကြား တွေ့ဆုံဆွေးနွေးပွဲများကျင်းပရန် ဆုံးဖြတ်ခဲ့ကြပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လိုက်နာခြင်းရှိ၊ မရှိ စောင့်ကြည့်ရန်အတွက် ပူးတွဲနယ်စပ်ဒေသ စောင့်ကြည့်ရေးကော်မတီတစ်ရပ်ကို ယခုနှစ်ဩဂုတ်လအစောပိုင်းမှစ၍ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အတူ မလေးရှားအစိုးရသည် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စောင့်ကြည့်သူများကိုတာဝန်ပေးရန်ကမ်းလှမ်းခဲ့သည်။

ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံအကြားဖြစ်ပွားသည့် ပဋိပက္ခကို ငြိမ်းချမ်းစွာဖြေရှင်းမည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်နှင့် ထိုင်းယာယီဝန်ကြီးချုပ် ဖွမ်သန်ဗီ ချိုင်ချိုင်တို့က မလေးရှားဝန်ကြီးချုပ် အီဘရာဟင်နှင့် ပူးတွဲကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ကတိပြုပြောကြားခဲ့ကြောင်းသိရသည်။

Ref: Rt

## အီးယူနှင့်အမေရိကန်တို့ချုပ်ဆိုခဲ့သည့် ကုန်သွယ်ရေးသဘောတူညီချက်က အီးယူအတွက် ထိုးနှက်ချက်ဖြစ်ဟု လက်ရော့ပြော



မော်စကို၊ စီးပွားရေး

အီးယူအဖွဲ့က အမေရိကန်ပြည်ထောင်စုနှင့် ချုပ်ဆိုခဲ့သည့် ကုန်သွယ်ရေးသဘောတူညီချက်သည် အဆိုပါအဖွဲ့အတွက် ကြီးမားသည့် ထိုးနှက်ချက်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က ဇူလိုင်လ ၂၈ ရက်တွင် ပြောသည်။

အီးယူ သို့မဟုတ် ဥရောပသမဂ္ဂနှင့် အမေရိကန်တို့အကြား ချုပ်ဆိုခဲ့သည့် ကုန်သွယ်ရေး သဘောတူညီချက်သည် ဥရောပရှိစက်မှုလုပ်ငန်းများကို လျှော့ပါးစေရန်ခြိမ်းခြောက်လျက်ရှိသည့်အပြင် ဥရောပ၏ရင်းနှီးမြှုပ်နှံမှုများကို အမေရိကန်ပြည်ထောင်စုသို့ ရွှေ့ပြောင်းစေရန် ဖိအားပေးနိုင်ပြီး အီးယူအဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း စွမ်းအင်ကဏ္ဍအတွက် အမေရိကန်အပေါ် ပိုမိုအမှီသဟဲပြုရမည့် အလားအလာရှိကြောင်း လက်ရော့က ပြောသည်။

လက်ရော့၏ အဆိုပါပြောကြားချက်များသည် အီးယူအဖွဲ့မှ ဥရောပကော်မရှင်ဥက္ကဋ္ဌ အူဆူလာ ဗွန်ဒါလေယန်က အမေရိကန် သမ္မတဒေါ်နယ်ထရမ့်နှင့် ဇူလိုင်လ ၂၇ ရက်တွင်တွေ့ဆုံ၍ နှစ်ဦးနှစ်ဖက်အကြား ကုန်သွယ်ရေးစစ်ပွဲကို ရှောင်ရှားနိုင်ရန်အတွက် အငြင်းပွားဖွယ် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကိုချုပ်ဆိုပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါသဘောတူညီချက်အရ အမေရိကန်အစိုးရအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် ယခင်ကအဆိုပြုထားသည့်အခွန် ၃၀ ရာခိုင်နှုန်းအစား ၁၅ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်သည်။

ထို့ပြင် အီးယူအနေဖြင့် အမေရိကန်ပြည်ထောင်စုမှ ဒေါ်လာ ၇၅၀ ဘီလီယံတန်ဖိုးရှိ ဓာတ်ငွေ့အရည်နှင့်နျူကလီးယားလောင်စာကဲ့သို့သော စွမ်းအင်အရင်းအမြစ်များကို ဝယ်ယူရန် လိုအပ်မည့်အပြင် အမေရိကန်နိုင်ငံ၏စက်မှုကဏ္ဍတွင်လည်း ဒေါ်လာ ၆၀၀ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ကြောင်းသိရသည်။

အီးယူနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ချုပ်ဆိုခဲ့သည့် ကုန်သွယ်ရေးသဘောတူညီချက်သည် အမေရိကန်အစိုးရက ချမှတ်သည့် အခွန်တိုးမြှင့်ကောက်ခံမှုအပေါ် အီးယူအဖွဲ့က လက်သင့်ခံသည်ဟူသော သဘောထားကို ပြသခြင်းဖြစ်သောကြောင့် အဖွဲ့ဝင်နိုင်ငံများအတွက် သတိထားစရာဖြစ်ကြောင်း ဂျာမနီစက်မှုလုပ်ငန်းအဖွဲ့ကြီးမှ စီးပွားရေးလုပ်ငန်းရှင်များက ပြောကြားထားကြောင်း သိရသည်။

Ref: Rt

## ဥရောပ၌ တပ်ဖြန့်ချထားသည့် စစ်သည်အရေအတွက်ကို ၃၀ ရာခိုင်နှုန်းအထိ အမေရိကန် လျှော့ချနိုင်ဟုဆို

ဝါရှင်တန်၊ စစ်ရေး

အမေရိကန်ပြည်ထောင်စုသည်ဥရောပ၌ တပ်ဖြန့်ချထားသည့် ၎င်းတို့၏စစ်သည်အရေအတွက်ကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချသွားနိုင်ကြောင်း Politico သတင်းဌာနက ဇူလိုင်လ ၂၈ ရက်တွင် ဖော်ပြသည်။

အမေရိကန်အစိုးရအနေဖြင့် အဆိုပါတပ်ဖြန့်ချမှုလျှော့ချရေးအစီအစဉ်ကို ကမ္ဘာလုံးဆိုင်ရာ တပ်ဖြန့်ကြက်မှုသုံးသပ်ချက်၏ တစ်စိတ်တစ်ဒေသအဖြစ် ယခုနှစ်စက်တင်ဘာလတွင် ထုတ်ပြန်နိုင်ဖွယ်ရှိကြောင်း အမေရိကန်အစိုးရအဖွဲ့မှ အရင်းအမြစ်များ၏ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနက ဖော်ပြထားသည်။

ဥရောပရှိ NATO အဖွဲ့မှမဟာမိတ်နိုင်ငံများသည် ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ကာကွယ်ရေးအသုံးစရိတ်များကို ထည့်ဝင်သင့်သည့်ပမာဏအတိုင်း ထည့်ဝင်ခြင်းမရှိကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ၎င်းအာဏာရရှိလာချိန်မှစ၍ စွပ်စွဲပြောကြားထားပြီး ဥရောပနိုင်ငံများ၏ လုပ်ဆောင်မှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်အစိုးရက ဥရောပဒေသ၌ ဖြန့်ချထားသည့် ၎င်းတို့၏စစ်သည်အရေအတွက်ကို လျှော့ချဖွယ်ရှိသည်ဟု ပြောကြားထားသည်။

ထို့ပြင်ဥရောပမဟာမိတ်နိုင်ငံများအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်ခြင်းမရှိပါက ဥရောပတိုက်၌ အမေရိကန်တပ်ဖွဲ့များ၏ ဖြန့်ကြက်မှုကို ကာလရှည်ကြာတွေ့မြင်ရမည် မဟုတ်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးက ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်အစိုးရသည် ဥရောပဒေသ၌ ဖြန့်ကြက်ထားသည့် ၎င်းတို့၏တပ်ဖွဲ့ဝင်များအနက် ၂၀ ရာခိုင်နှုန်းကို ယခုနှစ်အတွင်း ပြန်လည်ရုပ်သိမ်းဖွယ်ရှိပြီး ယူကရိန်းပဋိပက္ခဖြစ်ပွားပြီးနောက် အမေရိကန်က ဥရောပနိုင်ငံများ၌ ၂၀၂၂ ခုနှစ်အတွင်း တပ်ဖြန့်ထားသည့် တပ်ဖွဲ့ဝင် ၂၀၀၀၀ ခန့်ကို ပြန်လည်ရုပ်သိမ်းသွားနိုင်ကြောင်း ဂျာမနီနိုင်ငံခြားဆက်ဆံရေးကောင်စီမှ ကျွမ်းကျင်သူ တစ်ဦးဖြစ်သူ အေလင်မေတယ်က ခန့်မှန်းထားသည်။

အမေရိကန်အစိုးရသည် လက်ရှိတွင် ဥရောပတိုက်တွင် တပ်ဖွဲ့ဝင်ပေါင်း ၉၀၀၀၀ မှ ၁၀၀၀၀၀ အကြား တပ်ဖြန့်ထားပြီး ဂျာမနီနိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်အများဆုံးကိုတပ်ဖြန့်ထားကြောင်း သိရသည်။

Ref: Rt

### သတင်းတိုကဏ္ဍ

## ဂျာမနီနိုင်ငံ အနောက်တောင်ပိုင်းတွင် ခရီးသည်တင်မီးရထားတစ်စင်းလမ်းချော်၊ သုံးဦးသေဆုံးပြီး ၅၀ ခန့် ဒဏ်ရာရ

ဂျာမနီနိုင်ငံ အနောက်တောင်ပိုင်းတွင်ခရီးသည်တင်မီးရထားတစ်စင်း လမ်းချော်သွားခဲ့ရာ ခရီးသည်သုံးဦးသေဆုံးပြီး ၅၀ ခန့် ဒဏ်ရာရရှိသွားကြောင်း Bild သတင်းစာက ဇူလိုင်လ ၂၈ ရက်တွင်ဖော်ပြသည်။

မီးရထားလမ်းချော်မှုသည် ရိလင်ဂျင်မြို့ အနီးတွင် ဇူလိုင်လ ၂၇ ရက် ဒေသစံတော်ချိန် ည ၆ နာရီ ၁၀ မိနစ်ခန့်ကဖြစ်ပွားခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများအနက် ၂၅ ဦးမှာ စိုးရိမ်ရကြောင်းသိရသည်။ မီးရထားလမ်းချော်မှုဖြစ်ပွားချိန်တွင် အဆိုပါမီးရထားပေါ်၌ ခရီးသည် ၁၀၀ခန့် လိုက်ပါလာခဲ့ပြီး ယင်းမီးရထားသည် ဆစ်မာရင်ဂျင်မှ အွန်မြို့သို့ မောင်းနှင်နေစဉ် လမ်းချော်မှုဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါမီးရထားလမ်းချော်မှုသည် မြေပြိုကျမှုကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ယခုအခါ မီးရထားခရီးစဉ်များကိုအာဏာပိုင်အဖွဲ့က ရပ်ဆိုင်းထားကြောင်း သိရသည်။

Ref: Iv

## ကယ်လီဖိုးနီးယားပြည်နယ်တွင် လေယာဉ်တစ်စင်း ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ပျက်ကျ

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် လေယာဉ်တစ်စင်း ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ပျက်ကျသွားရာ လူသုံးဦးသေဆုံးသွားကြောင်း အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်သည်။

Beechcraft အမျိုးအစား အင်ဂျင်နှစ်လုံးတပ် အဆိုပါလေယာဉ်သည် ဇူလိုင်လ ၂၇ ရက် နံနက်ပိုင်းက ပျက်ကျသွားခြင်းဖြစ်ပြီး လေယာဉ်ပေါ်တွင် လိုက်ပါလာသူများ၏ ရုပ်အလောင်းများကို မွန်ထရေမီးသတ်ရေယာဉ်မှအမှုထမ်းများက တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါလေယာဉ်သည် ဆန်ဖရန်စစ္စကိုမြို့အနီးရှိ ဆန်ကားလို့စ်လေဆိပ်မှ မောင်းနှင်ထွက်ခွာလာခြင်းဖြစ်ပြီး နာရီဝက်ခန့် မောင်းနှင်ပျံသန်းလာပြီးနောက် ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ပျက်ကျသွားခြင်းဖြစ်သည်။ လေယာဉ်ပေါ်တွင် လိုက်ပါသွားသူများမှာ ကယ်လီဖိုးနီးယားပြည်နယ်တွင် နေထိုင်သူဒေသခံများဖြစ်ကြောင်း သိရသည်။

Ref: Iv

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

> "သစ်ပင်ကြီးအောက်၌ နာရီဝက်ကျော်ကျော်ထိုင်နေကြပြီးနောက် ဘာသံမျှထပ်၍မကြားသည်နှင့် ကျွန်ုပ်တို့သည် ခုတင်ပေါ်သို့ ပြန်လာကြ၍ စောင်ခြုံထဲ၌ ကွေးကြလေ၏။ ဥတုရာသီမှာ ကြာလေချမ်းလေဖြစ်လာခဲ့လေပြီ။ ကျွန်ုပ်သည် စောင်ခြုံထဲတွင် လုံနေအောင်ကွေးပြီး လက်နှစ်ဖက်ကို ပေါင်ကြားထဲသို့ ထိုးသွင်းထားရ၏။ သို့နှင့်လည်း တိုး၍တိုး၍ချမ်းအေးလာသဖြင့် အခံရခက်တုန်းပင်ရှိ၏ . . ."

**ယမန်နေ့မှအဆက်**

မောင်စံလွန် ချက်သောအရက်မှာ တောအရက်နဲ့ လုံးဝမထွက်သည့်အပြင် မီးဟုန်းဟုန်းတောက်သည့်တိုင်အောင် ပြင်းလှသည်။ ကျွန်ုပ်သည် ပုလင်းနှင့်ဖန်ခွက်ကိုယူ၍ လက်နှစ်သစ်ခန့်ထည့်ပြီးသည့်နောက် မောင်စံလွန်က ရေခွက်ကိုလှမ်းပေး၏။ ကျွန်ုပ်က ဦးခေါင်းယမ်းပြပြီး ရေမရောဘဲ သောက်မည်ပြုရာ မောင်စံလွန်က "မလုပ်နဲ့ ကိုကြီးသိန်း၊ ကျုပ်ချက်တဲ့အရက်ဗျနော်" ဟု သတိပေး၏။

ကျွန်ုပ်သည် ဘီယာလောက်သာကြိုက်တတ်၍ ကိုသိန်းဖေတို့လူစုနှင့် တစ်ခါတစ်ရံ ဝီစကီ၊ ဘရန်ဒီ စသည်များကို သောက်ဖူးသော်လည်း ဆော်ဒါအများကြီးထည့်ကာ ဗိုလ်သောက်သောက်တတ်သူဖြစ်ပါသည်။ ဤတစ်ကြိမ်တွင်မူ ချမ်းအေးခြင်းကို ကာကွယ်လိုသည်ဖြစ်၍ မောင်စံလွန်၏အရက်ကို ရေမရောဘဲ တစ်ချက်တည်းမော့ချလိုက်ရာ နိုင်ငံခြားအရက်များပင် အဆန်းမဟုတ်သော ကျွန်ုပ်အဖို့ရာ၌ပင် ချက်ချင်းနားရွက်ကြီးထူလာသည်ထင်မိပြီး အစာအိမ်အတွင်းထပ်ကို မီးနှင့်မြှိုက်လိုက်သည်ထင်ရ၏။

"အမဲသားတုံးကြီးထဲက နည်းနည်းလှီးချေစမ်းပါကွာ" ဟုပြော၍ မောင်စံလွန်ယူလာသော အမဲသားတစ်ဖတ်၊ နှစ်ဖတ်ကို ဝါးလိုက်ရသည်တွင်မှ အနေတည့်ပြီး တစ်ကိုယ်လုံးရှိသွေးများ အပြေးအလွှားလျှောက်ကာ နွေးလာပါတော့သည်။ မောင်စံလွန်သည် ကျွန်ုပ်နှင့်အတူ သောက်ရမည်ကိုရှို့သည်နှင့် အရက်ပုလင်းကို ကိုင်ကြည့်ကိုင်ကြည့်လုပ်နေရာ "သောက်လေကွာ" ဟု ကျွန်ုပ်ကပြောလိုက်သောအခါမှ ကျွန်ုပ်နည်းတူ ရေမရောဘဲသောက်လေသည်။ "ခါတိုင်းကော မင်းရေမရောဘူးလား"

"ကျွန်တော့်အရက်ကို ရေမရောဘဲသောက်နိုင်တဲ့လူ ကိုကြီးသိန်း တစ်ယောက်ပဲတွေ့ဖူးတယ်။ ခုတောင်မှ ကိုကြီးသိန်းလုပ်လို့ ကျွန်တော် လိုက်လုပ်ဝံ့တာပဲ"

## ချမ်းသည်ထက်ချမ်းလာခြင်း

သစ်ပင်ကြီးအောက်၌ နာရီဝက်ကျော်ကျော်ထိုင်နေကြပြီးနောက် ဘာသံမျှထပ်၍မကြားသည်နှင့် ကျွန်ုပ်တို့သည် ခုတင်ပေါ်သို့ပြန်လာကြ၍ စောင်ခြုံထဲ၌ ကွေးကြလေ၏။ ဥတုရာသီမှာ ကြာလေချမ်းလေဖြစ်လာခဲ့လေပြီ။ ကျွန်ုပ်သည် စောင်ခြုံထဲတွင် လုံနေအောင်ကွေးပြီး လက်နှစ်ဖက်ကို ပေါင်ကြားထဲသို့ ထိုးသွင်းထားရ၏။ သို့နှင့်လည်း တိုး၍တိုး၍ချမ်းအေးလာသဖြင့် အခံရခက်တုန်းပင်ရှိ၏။ ကျွန်ုပ်သည် သူ၏စောင်နှင့် ကျွန်ုပ်၏စောင်များပါ အားလုံးပေါင်းထပ်ပြီး အတူတူခြုံဖို့စိတ်ကူးရပါ၏။ သို့သော် ကြီးပြင်းလာသော ဤနောက်ပိုင်း၌ ဇနီးမောင်နှံပင် အတူခြုံ၍မအိပ်ကြသည့်အလေ့အကျင့်ကြောင့် ယောကျ်ားချင်းအတူခြုံ၍အိပ်ဖို့မှာ အလွန်ခဲယဉ်းနေ၏။ သို့သော် ကျောချင်းကပ်၍အိပ်ကြရန် အကြံဖြစ်၍ မောင်စံလွန်ကို ကျွန်ုပ်အနီးသို့ရွှေ့လာရန် ခေါ်ရသည်။ နွေးတော့နွေးပါ၏။ သို့သော် ဟိုဘက်သည်ဘက်မစောင်းရဘဲ တစ်ဖက်တည်းအိပ်ရသဖြင့် ညောင်းလှသည်။ နောက်ဆုံး၌ ကျွန်ုပ်သည် အိပ်ရာမှထ၍ "ဟေ့ မောင်စံလွန် မင့်ပုလင်းပေးစမ်းကွာ" ဟု တောင်းယူကာ နွေးလာအောင် ဝမ်းပက်ကြီးကြီးသောက်ပြီး တစ်ယောက်တစ်အိပ်ရာစီခွဲ၍ အိပ်လိုက်ကြပါတော့သည်။ (ဤနေရာ၌ ကျွန်ုပ်ကိုသိသော ကိုသိန်းဖေမှ တစ်ပါး တခြားလူများက ကျွန်ုပ်အား "သူသောက်ချင်လို့ ဉာဏ်ဆင်နေတာပါ"ဟု စွပ်စွဲကြလျှင်လည်း ကျွန်ုပ်ခံနိုင်ရည်ရှိပါသည်။)

## မမေ့နိုင်သောပျောက်ခြင်း

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်တို့သည် စောစောကြီးထွက်ကြရန် အကြံရှိသော်လည်း ယမန်ညဉ့်က အိပ်ပျက်သည့်အတွက်ကြောင့် စောစောမထွက်နိုင်ကြဘဲ မိုးလင်းခါမှ ထွက်နိုင်ကြ၏။ ပြန်ခါနီးတွင် စစ်သားတစ်ယောက်နှင့်တွေ့၍ ယမန်ညဉ့်က မော်တာသံအကြောင်းကို မေးကြည့်ရာ ဟိုဘက်ကမ်းမှ အသံမဟုတ်ကြောင်း၊ ဤဘက်စစ်တပ်မှ မိမိတို့နိုးကြားခြင်းကို ဂျပန်များသိအောင် လှန့်ပေးခြင်းဖြစ်ကြောင်း ပြောပြ၍ သိရလေသည်။ တခြားစစ်သားတစ်ယောက်ကလည်း ဂျပန်များသည် ဤဘက်ကမ်းသို့ ကူးကြလိမ့်မည်ဟု သတင်းရသောကြောင့် လှန့်ပေးခြင်းဖြစ်သလိုလို ပြောပြလေသည်။ ကျွန်ုပ်တို့သည် သစ်ဆိမ့်ကြီးရွာမှထွက်လာကြ၍ အလာခရီးတွင်ဝင်ခဲ့သည့် မင်းကုန်းရွာ၌ နံနက်စာစားရင်း နားခိုကြပြီး ညနေစောင်းတွင်မှ ခရီးဆက်ကြ၍ မိုးချုပ်ခါမှ မန်ကျည်းတုံရွာသို့ ပြန်ရောက်ကြလေ၏။ ဤခရီးတွင် ကျွန်ုပ်အဖို့ရာ၌ မမေ့နိုင်သောအဖြစ်အပျက်တစ်ခုမှာ ကျွန်ုပ်အလွန်မြတ်နိုးသည့် ဆေးတံတစ်ချောင်း ကျပျောက်ခဲ့ရခြင်းပင်ဖြစ်သည်။

## ကျွန်ုပ်နှင့်ဆေးတံ

ဤဆေးတံသည် ကျွန်ုပ်မြတ်နိုးလောက်သည့် ရာဇဝင်ကြောင်းလေးရှိသည်ဖြစ်၍ ကျွန်ုပ်အပေါ်၌ ခင်မင်မြတ်နိုးသူတို့ စိတ်ဝင်စားကြလိမ့်မည်ထင်သောကြောင့် ၁၀ နှစ်ကျော်သောက်လာခဲ့သည့် 'ဒင်းကလေးအကြောင်း' ကို ဖော်ပြရပါဦးမည်။ ကျွန်ုပ်သည် ၁၉၁၇ ခုနှစ်မှစ၍ (မောင်စံရှားကိုအားကျပြီး) ဆေးတံသောက်ဖို့ အလေ့အကျင့်ပြုရာတွင် သုံးလေးကျပ်တန်ဆေးတံမျိုးကိုဝယ်သောက်၍ ခဏခဏပျောက်ဖူး၏။ တစ်ချောင်းပျောက်တိုင်း ထို့ထက်ကောင်းသောဆေးတံကိုဝယ်၍ သောက်ရာ အလွန်ဆုံး နှစ်နှစ်၊ သုံးနှစ်လောက်သာသောက်ရပြီး မေ့ကျန်ပျောက်ဆုံးရသည်ချည်းဖြစ်၏။

ပဲခူးမြို့၌ စာတော်ပြန်အလုပ်ကိုလုပ်စဉ် ရိုးတိုက်မှ ၁၀ ကျပ် ၈ ပဲ ပေးဝယ်ထားသည့် အံ့ဒါဘိုး (Under Bore) ဆေးတံတစ်ချောင်း ပျောက်ရပြန်၏။ ကျွန်ုပ်၏ထင်မြင်ချက်မှာ လုံလောက်အောင်အဖိုးမတန်သောကြောင့် မေ့ကျန်ရစ်ခဲ့ခြင်းဖြစ်ရမည်။ အဖိုးငွေ ၁၀ ကျော်တန်သော အံ့ဒါဘိုးဆေးတံကို မေ့ပျောက်သေးလျှင် ဤထက်အဖိုးတန်သော ဆေးတံမျိုးကို ဝယ်သောက်ဦးမည်ဆိုကာ အင်္ဂလန်ပြည်မှ ဒန်းဟီးလ် (Dunhill) ဆေးတံကိုမှာယူ၍ စာတိုက်မှ ၂၅ ကျပ် ၈ ပဲနှင့် ရွေးယူရ၏။ ဤမျှသာမကသေး။ လေးစားသည်ထက်လေးစားစေခြင်းငှာ 'အမင်း' တွင် ရွှေဒင်္ဂါးကွပ်ထားလိုက်ပါသေးသည်။ ကျွန်ုပ်၏စိတ်ထဲ၌ ဤဆေးတံသည် အဖိုးတန်သောကြောင့်သာမက အင်္ဂလန်ပြည်မှ မှာယူခြင်းလည်းဖြစ်သောကြောင့် အလွန်မြတ်နိုးလျက်ရှိသည်နှင့် မေ့ကျန်ရစ်ခြင်းမရှိသည့်အပြင် ကြာလေမြတ်နိုးလေဖြစ်လာခဲ့ပါသည်။ ကျွန်ုပ်တို့၏ခြံကြီးထဲ၌ ဗြိတိသျှစစ်တပ်စခန်းချစဉ်က ဆေးတံသောက်သော မေဂျာစစ်ဗိုလ်တစ်ယောက်သည် ကျွန်ုပ်နှင့် အတန်ငယ်အရောဝင်လာကြရာတွင် ကျွန်ုပ်လုပ်ထားသောဆေးရွက်ကြီးမှုန့်ကို မြည်းကြည့်ခြင်း၊ သူ၏ဆေးချိုပြားကိုဖွဲ့ပေးခြင်း စသည်ဖြင့် အရောတဝင်ဖြစ်လာကြသောအခါ ကျွန်ုပ်၏ဆေးတံကို တောင်းယူကြည့်၍ Dunhill တံဆိပ်ကိုတွေ့သည်နှင့် မျက်ခုံးချီလိုက်ခြင်းအားဖြင့် အံ့ဩသောအမူအရာဖော်ပြ၏။ သူ၏အံ့ဩခြင်းအဓိပ္ပာယ်မှာ "Dunhill ဆေးတံတွေဘာတွေနဲ့၊ အာဂလူကြီးတစ်ယောက်ပါလား" ဟု ဆိုခြင်းပင်ဖြစ်၏။ သူ၏အမူအရာကို ကျွန်ုပ်မြင်လိုက်ရသောအခါ မျက်နှာဖြူတစ်ယောက်လည်းဖြစ်၊ ဆေးတံသောက်သမားချင်းလည်းဖြစ်၍ သူ၏မျက်နှာထားကို မြင်လိုက်ရခြင်းအားဖြင့် ကျွန်ုပ်၏ဆေးတံဖိုး ၂၅ ကျပ် ၈ ပဲ ကျေသွားသည်ဟု အောက်မေ့လိုက်သည်။ (သို့နှင့်လည်း ကျွန်ုပ်သည် သူတစ်ပါးတို့ထက် ကြွားချင်တတ်သူတစ်ယောက်ဖြစ်သည်မထင်ပါ။)

တစ်နေ့သ၌ လက်ဖွဲ့ပွဲတစ်ပွဲကြည့်၍အပြီးတွင် ရင်းနှီးသောလူငယ်တစ်ယောက်က ကျွန်ုပ်အား "ဦးလေးသိန်း ဆေးတံသောက်ပုံကြည့်ပြီး ကျွန်တော့်ရဲ့ကုလားမိတ်ဆွေတစ်ယောက်က ချီးမွမ်းနေတယ်ဗျ" ဟု ပြော၏။ "ဘယ်လိုများချီးမွမ်းသလဲ မောင်"

"မြန်မာလူမျိုးတွေ ဆေးတံသောက်တာမြင်ဖူးလှပြီ။ ဒီလူကြီး သောက်တာလောက် ကြည့်လို့ကောင်းတာ တစ်ယောက်မှမမြင်ဖူးဘူးတဲ့ခင်ဗျ"

**ဆက်လက်ဖော်ပြပါမည်။**

---

# ကျွန်းလှမြို့နယ်၌ အစေ့ထုတ်ပြောင်း ဧက ၁၅၀၀၀ ကျော်စိုက်ပျိုးပြီးစီး လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်



ကျွန်းလှ ဇူလိုင် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ရာ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်း ၁၄၉၉၅ ဧက လျာထားစိုက်ပျိုးခဲ့တာ လက်ရှိမှာ ၁၅၀၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အစေ့ထုတ်ပြောင်းကို ပဲစင်းငုံနဲ့သီးညှပ်စိုက်ပျိုးကြသလို သီးသန့်လည်းစိုက်ပျိုးကြပါတယ်။ အစေ့ထုတ်ပြောင်းက တောင်သူတွေအတွက် တွက်ခြေကိုက်ပြီး ပြောင်းရိုးကိုလည်း ကျွဲ၊ နွားအစာအဖြစ် အသုံးပြုလို့ရတဲ့အတွက် တိုးချဲ့စိုက်ပျိုးလာကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

အဆိုပါ အစေ့ထုတ်ပြောင်းစိုက်ပျိုးသည့်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက စိုက်နည်းစနစ်မှန်ကန်ရေး၊ ဖောငမြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေး၊ ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး စသည့် စိုက်ပျိုးရေးနည်းပညာများကို အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်မြေများသည် မိုးကောင်းသောက်လယ်မြေများဖြစ်သော်လည်း ချောင်းရေ၊ မြောင်းရေ၊ မြေအောက်ရေများတင်ပြီး စပါးအပြင် သီးနှံမျိုးစုံနှင့် နှစ်ရှည်သီးနှံများ စိုက်ပျိုးကြကြောင်း၊ ပြောင်းကို လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် သီးနှံဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ သမဝါယမအသင်းသားတောင်သူများနှင့် မိုးစပါးစိုက်ပျိုးသည့် တောင်သူများအတွက် မျိုးစေ့ချကိရိယာ (Seeder)၊ ဆိုလာနှစ်ချပ်တွဲ ၆ လက်မ ရေတင်ပန့်နှင့် ဆိုလာ ၁၄ ချပ်တွဲ အနိမ့်တင်ရေတင်စက်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်နှင့်ကွမ်းခြံကုန်းမြို့နယ်တို့ရှိ သမဝါယမအသင်းသားတောင်သူများနှင့် မိုးစပါးစိုက်ပျိုးသည့် တောင်သူများအတွက် ဓာတ်မြေဩဇာ၊ မျိုးစေ့ချကိရိယာ (Seeder)၊ ဆိုလာနှစ်ချပ်တွဲ ၆ လက်မရေတင်ပန့်နှင့် ဆိုလာ ၁၄ ချပ်တွဲ အနိမ့်တင်ရေတင်စက်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကော့မှူးမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ကော့မှူးမြို့နယ်နှင့်ကွမ်းခြံကုန်းမြို့နယ်တို့အတွင်းရှိ တောင်သူများအတွက်သွင်းအားစု၊ ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာ (Seeder)၊ ဆိုလာ ၁၄ ချပ်တွဲ အနိမ့်တင်ရေတင်စက်၊ ဆိုလာနှစ်ချပ်တွဲ ၆ လက်မရေတင်ပန့်များနှင့် သက်တံရောင်သမဝါယမလူမှုစီးပွားစီမံကိန်းရှာအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးသုံးသွင်းအားစုများ၊ စိုက်ပျိုးရေးသုံးစက်ပစ္စည်းများနှင့် ဆိုလာများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ အင်းစိန်ခရိုင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်ရွှေလင်ဗန်းစက်မှုဇုန် ရွှေဝါရောင်ဆန်စက်၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခေတ်မီဆန်စက်ကြီးများတွင် ဆိုလာစွမ်းအင်တိုးမြှင့်ထုတ်လုပ်သုံးစွဲနိုင်ရေး ရှင်းလင်းဆွေးနွေးပွဲနှင့်ရွှေဝါရောင်ဆန်စက်၌ ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်သုံးစွဲခြင်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့်တာဝန်ရှိသူများက ပို့ကုန်တင်ပို့မှု၊ တိုင်းဒေသကြီးအတွင်းရှိဆန်စက်များတွင် ဆိုလာစွမ်းအင်ထုတ်လုပ်သုံးစွဲမှုနှင့် ဆိုလာစွမ်းအင်ထုတ်လုပ်သုံးစွဲမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက မေးမြန်းဆွေးနွေးကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြသထားသည့် ပြည်ပသို့ တင်ပို့နေသည့်ဆန်အမျိုးအစားများ၊ လျှပ်စစ်စွမ်းအားပြောင်းလဲပေးသည့် ကိရိယာနှင့် ရွှေဝါရောင်ဆန်စက်တွင် မူလအသုံးပြုနေသည့် လျှပ်စစ်အပြင် ဆိုလာ 615 W ၉၇၂ ချပ်ဖြင့် Power 598kWp/ 500kW Inverter System တပ်ဆင်အသုံးပြုပြီး လုပ်ငန်းထုတ်လုပ်ပုံကိုလည်းကောင်း၊ Shwe Ma Naw Myay Trading Co.,Ltd.ဆန်စက်တွင် ကုန်တင်ကုန်ချဆိပ်ကမ်း၊ မူလအသုံးပြုနေသည့် လျှပ်စစ်အပြင် ဆိုလာစနစ်ဖြင့် AC Power 300kW တပ်ဆင်အသုံးပြုရန် လျာထားပြီး ဆောင်ရွက်မည့်လုပ်ငန်းများကိုလည်းကောင်း၊ သမာဓိဆန်စက်တွင် မူလအသုံးပြုနေသည့် လျှပ်စစ်အပြင် ဆိုလာ 700W ၃၈၄ ချပ်ဖြင့် DC Power 268.8 kWp/ AC Power 200kW တပ်ဆင်အသုံးပြုပြီး လုပ်ငန်းထုတ်လုပ်ပုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်** တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၉၈၃၉၀၃)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ THAI Airways လေယာဉ်ခရီးစဉ်အမှတ် TG-301/SF- 7038 ဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည် (၂) ဦး၏ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄) မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၄၃၁၈)ကိုလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၆၉၈၂၂၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၂၆ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချမ်းအေးသာစံမြို့နယ်၊ ၃၃ လမ်း၊ ၈၂x၈၃ (A) ကြားရှိနေအိမ်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အမျိုးသားဆေးဝါးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရခိုင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်တွေမြို့နယ်၊ ဒါးပိုင်ရွာသစ်ကျေးရွာ၌တရားဝင်သယ်ဆောင်ခွင့်အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၈)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၇၃၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

အလားတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇူလိုင်လ ၂၇ ရက်**တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ဝ၂၉)တန်၊ သစ်မာ (သုည ဒသမ ၂၂ဝ)တန်၊ အခြားသစ် (၅ ဒသမ ၉၁၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၉၃၁၉)ကို သစ်တောဥပဒေအရလည်းကောင်း၊ **ဇူလိုင်လ ၂၈ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၂ဝဝဝဝ) နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ဝဝဝဝဝဝဝ)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၇၇၉၃၁၉)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၂၈ ရက်**တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့၊ ဒေါင်းဇရပ်၊ ကင်မွန်းခြံရပ်ကွက်၊ အိမ်အမှတ် (၉၃၄)အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း(၂)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ၂၇ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၆)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁၆)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၆၃၄၈၄၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။ **မြဝတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနရှိ အောက်ဖော်ပြပါအခန်းနှင့် မြေကွက်ငှားရမ်းခြင်း ၅ ခုတို့အား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (၃)နှစ်သက်တမ်း၊ (၁)နှစ်တစ်ကြိမ်စာချုပ်စနစ်၊ ငှားရမ်းမှုတန်ဖိုး၏(၁)လစာအား စပေါ်ငွေအဖြစ်ထားရှိ၍ ငှားရမ်းခနှင့် ကုန်သွယ်လုပ်ငန်းခွန်(၅%)တို့အား (၁၂)လစာကြိုတင်ပေးသွင်းခြင်းစနစ်ဖြင့်ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) Lot(1) ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ် ၅၅/၆၅ (၂၀' x ၆၀' x ၂၀') မြေညီထပ် ၂ ခန်းတွဲ အခန်း(၁)ခန်း၊

Lot(2) ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း ၃၀၊ အမှတ် ၃၈၊ အခန်း၂/၃(၂၀' x ၃၉' x ၁၅') ၂ ခန်းတွဲအခန်း ၁ ခန်း ၊

Lot(3) မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၃ x ၈၄ လမ်းကြား၊ ၂၇ လမ်း၊ အမှတ် ၂၆၇ ၊ ယာဘက်အခန်း(၁၅' x ၆၇' x ၁၅') အခန်း(၁)ခန်း၊

Lot(4) မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ ဦးပိုင် ၁ ၊ အမှတ် သ-၈(၆၀' x ၄၀')မြေကွက် ၁ ကွက် ၊

Lot(5) မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ ဖက်တန်းရပ်၊ အမှတ် ၉၈ ရှိ မြေညီထပ်အခန်း၏ အရှေ့ဘက်အခန်း(၄၅'x၂၈'x၁၃') အခန်း ၁ ခန်း ။

( ခ ) တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ( ၂၉-၇-၂၀၂၅ မှ ၁၁-၈ -၂၀၂၅ ထိ)(ရုံးချိန်အတွင်း)

( ဂ ) တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၁၁-၈-၂၀၂၅ ရက်နေ့၊ (၁၅:၀၀)နာရီ

(ဃ) တင်ဒါပုံစံရောင်းချမည့်နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ရုံးအမှတ်(၃)၊ နေပြည်တော်

( င ) တင်ဒါတင်သွင်းဖွင့်ဖောက်မည့် နေ့ရက်/အချိန်/ - တင်ဒါပုံစံဝယ်ယူသူများသို့ ဆက်သွယ်အကြောင်းကြားပါမည်။

( စ ) တင်ဒါတင်သွင်းဖွင့်ဖောက်မည့် နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ တင်ဒါဖွင့်ဖောက်မည့်နေ့တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် ဝန်ကြီးဌာန၊ တင်ဒါကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်ရေးဦးစီးဌာနမှ ငှားရမ်းမည့် မြေကွက်(၁)ကွက်နှင့် အခန်း(၄)ခန်း၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ်(၀၆၇-၃၄၀၈၄၁၀)သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

---

**ဖခင်အမည်မှန်**
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(၃) ရွာတော် Grade-12 မှပညာသင်ကြားနေသော မမျိုးမျိုး၏ဖခင် ဦးစန်းဝင်း၏အမည်မှန်မှာ ဦးဆန်းဝင်း ၉/မမန(နိုင်)၁၀၃၄၂၄ ဖြစ်ပါကြောင်း။ **ဦးဆန်းဝင်း**

**ပျောက်ဆုံးကြောင်း**
ယုပိုပိုအောင်(ဘ)ဦးစန်းအောင် ၈/ဂဂန(နိုင်)၁၁၂၈၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၂၀၀၇၅၆

**ပျောက်ဆုံးကြောင်း**
ပြင်ဦးလွင်မြို့နေ သိန်းဖူးရင်(ဘ)ဦးချိန်ဖူး ၉/မမန(နိုင်)၀၃၇၈၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 869095)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ဖခင်အမည်မှန်**
မိုင်းလားမြို့နေ အ.ထ.က(မိုင်းလား)နဝမတန်းတွင် ပညာသင်ကြားနေသော မောင်ဇင်လင်းထက်၏ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း ဖြစ်ပါကြောင်း။ **ဦးအောင်ထွန်း**

**ဖခင်အမည်မှန်**
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က (မိုးစွေ)Grade-8 မှ ပညာသင်ကြားနေသော မောင်ကျော်ကိုကိုစိုး ၉/ပဥလ(နိုင်)၁၀၃၂၆၆ ၏ ဖခင်ဦးလှမိုး၏အမည်မှန်မှာ ဦးလှစိုး ၉/ပဥလ(နိုင်)၀၀၅၁၈၇ ဖြစ်ပါကြောင်း။ **ဦးလှစိုး**

**အမည်ပြောင်း**
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က (မိုးစွေ) Grade-10 မှပညာသင်ကြားနေသော အဘ ဦးတင်စိုး ၁၃/မပတ(နိုင်)၀၄၇၀၅၇ ၏သမီး မဒါဒါဦး ၅/အရတ(နိုင်)၁၉၂၅၅၈ အား မပန်သုခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မပန်သုခင်**

**ပျောက်ဆုံးကြောင်း**
လင်းဇော်ထွန်း(ဘ)ဦးဖန်ကျားချင် ၁၃/ကခန(နိုင်)၀၈၇၆၈၈ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၆၈၈၇၈၉

---

**မတည်ငွေရင်းလျှော့ချရန်ဆုံးဖြတ်ပြီးကြောင်း ကြေညာခြင်း**

TMT Future Co.,Ltd.(Reg No.126507429)၏ (၂၆-၇-၂၀၂၅)နေ့တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီ၏မတည်ငွေရင်းအား မူလကျပ်သိန်း(၁,၀၀၀)မှ ကျပ်သိန်း(၁၀၀)သို့ အစုရှယ်ယာပယ်ဖျက်လျှော့ချပြင်ဆင်ရန် အစုရှယ်ယာရှင်များအားလုံးက အတည်ပြုဆုံးဖြတ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**TMT Future Co.,Ltd.**

---

First Light Mandalay Mining And Metals Co.,Ltd.

**နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း**

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၂၅ခုနှစ်၊ ဩဂုတ်လ(၁)ရက်၊
အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက်(၁၀:၀၀)နာရီ
အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း၊

**ဦးစိန်ကျော်ဝင်း**
**(B.Com,C.P.A)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

---

YI SHEIN COMPANY LIMITED

**မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၄၇)**
**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးတွင် မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးသန်းထွန်းမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါဆုံးဖြတ်ချက်များကိုချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမှုခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအရ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအား ဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်း နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| U SHIN NYEIN | U THAN TUN |
| ADVOCATE (SR. NO. 4644) | MANAGING DIRECTOR |
| LIQUIDATOR | YI SHEIN COMPANY LIMITED |
| MAIP MEMBERSHIP NO.00173 | |

---

APEX GREATEST MULTIPLE SERVICES COMPANY LIMITED

**မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များဆန္ဒအလျောက်**
**ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၁။ "APEX GREATEST MULTIPLE SERVICES COMPANY LIMITED."ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်(၂၅-၇-၂၀၂၅)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက် မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးဇင်ဝေ | U MYO AYE |
| B.Com(AA);C.P.A(210) | Managing Director |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | APEX GREATEST MULTIPLE SERVICES COMPANY LIMITED. |

---

AUNG HTET KHAUNG COMPANY LIMITED

**မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များ ဆန္ဒအလျောက်**
**ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၁။ "AUNG HTET KHAUNG COMPANY LIMITED." ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်(၂၅-၇-၂၀၂၅)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသောသာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးဇင်ဝေ | U MYO AYE |
| B.Com(AA);C.P.A(210) | Managing Director |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | AUNG HTET KHAUNG COMPANY LIMITED. |

---

**ပျောက်ဆုံးကြောင်း**
မောင်ခင်မောင်(ဘ)ဦးမူဟာမတ်ရေလိတ် ၁၂/ဒဂတ(နိုင်)၁၃၅၂၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**မွေးသက္ကရာဇ်အမှန်**
အထက(၂)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-12 မှ ဦးထွန်းထွန်းလွင်၏သမီး မဝင်းပပထွန်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၃-၈-၂၀၀၈ ဖြစ်ပါကြောင်း။ ၁၃-၈-၂၀၀၈

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပုသိမ်မြို့၊ အမက(၂၃၀)မရမ်းချောင်းမှ မူလတန်းပြဆရာမ ဒေါ်ယဉ်ယဉ်မူ ၉/မမန(နိုင်)၀၀၃၅၅၂ ကိုင်ဆောင်သူနှင့် နန်းယဉ်ယဉ်မူတို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ ဒေါ်ယဉ်ယဉ်မူ(ခ)နန်းယဉ်ယဉ်မူ

**ပျောက်ဆုံးကြောင်း**
ဆွေးလျှံဟန်(ဘ)ဦးကျွန်ခုပ် ၅/ကလထ(နိုင်)၁၈၉၄၈၀ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သိန်းလွင်ဦး(ဘ)ဦးအေးလွင် ၇/တငန(နိုင်)၀၈၀၃၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဝင်းနိုင်ထွန်း(ဘ)ဦးကျော်ကျော် ၇/ရတရ(နိုင်)၁၉၇၄၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၆၃၅၄၄၂၃

**ပျောက်ဆုံးကြောင်း**
အောင်ကျော်ကျော်(ဘ)ဦးစောဟဲဘွယ်ဒို ၂/လကန(နိုင်)၁၁၁၃၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၉၆၆၃၀၇၆

**ပျောက်ဆုံးကြောင်း**
နွေးဝတ်ရည်ဇော်(ဘ)ဦးခင်ဇော် ၁၂/အစန(နိုင်)၂၃၀၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ပန်းနုဝါ(ဘ)ဦးဖိုးသိန်း ၅/တမန(နိုင်)၀၇၂၈၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၈၉၃၁၁၄၇

**ပျောက်ဆုံးကြောင်း**
မောင်မင်းသူ(ဘ)ဦးသောင်းစိန်၅/ကနန(နိုင်)၁၁၁၄၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 228128)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၆၇၇၅၉၆၁

**ပျောက်ဆုံးကြောင်း**
ဂျာဆိုင်းပန်(ဘ)ဦးဇော်လွမ် ၁၃/မဆတ(နိုင်)၀၄၉၇၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 300484)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၄၀၅၆၀၈

**ပျောက်ဆုံးကြောင်း**
ရွှေရည်ဝင်းထက်(ဘ)ဦးမြင့်လွင် ၉/ကဆန(နိုင်)၂၂၃၃၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၀၄၀၀၀၆၂

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်ကြီးစုကျေးရွာအုပ်စု၊ ညောင်ပင်ကြီးစုကျေးရွာနေ မသီရိကိုကို(ဘ)ဦးကိုကိုနိုင် ၁၂/အလန(နိုင်)၀၄၁၈၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၅၀၃၇၀

**ပျောက်ဆုံးကြောင်း**
ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ မိတ္ထီလာလမ်းနေ သက်နိုင်ထွန်း(ဘ)ဦးညွန့်ဆွေ ၉/ကပတ(နိုင်)၁၇၀၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၂၂၀၁၆၄

**ပျောက်ဆုံးကြောင်း**
ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ မိတ္ထီလာလမ်းနေ အိအိဝင်း(ဘ)ဦးတင်ဝင်း ၉/ကပတ(နိုင်)၁၆၄၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၂၂၀၁၆၄

**ပျောက်ဆုံးကြောင်း**
မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ငွေးချိုရွာနေ မာမာဝေ(ဘ)ဦးကျော်စိန် ၈/မသန(နိုင်)၁၀၆၇၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၁၆၈၁၀

**ပျောက်ဆုံးကြောင်း**
ညောင်ဦးမြို့၊ ပျော့ကန်ရွာနေ မြင့်မြင့်ဦး(ဘ)ဦးပေါ် ၉/သေရ(နိုင်)၀၁၇၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်း၊ ဝေါမြို့နေ မောင်ကျော်သိန်းဦး(ဘ)ဦးလှဖေ ၇/ဝမန(နိုင်)၁၀၂၀၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်နေ ကောင်းကျော်ဆွေ(ဘ)ဦးကြည်ဆွေ ၁၀/ခဆန(နိုင်)၁၃၈၉၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 103074)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၀၈၂၃၅၃၇

**ပျောက်ဆုံးကြောင်း**
ကဝမြို့နယ်၊ ရွှေပေါက်ပင်ကျေးရွာနေ မဝင်းမင်းသန်း(ဘ)ဦးအေးရွှေ ၇/ကဝန(နိုင်)၁၁၈၈၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ဖခင်အမည်မှန်**
အ.ထ.က(၁)သုံးခွ၊ Grade-12 မှ မဆုယမင်းသော်နှင့် အ.လ.က(၁)သုံးခွ၊ Grade-7 မှ မောင်အောင်ကိုကိုမောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းဘို ၁၂/သခန(နိုင်)၀၅၉၉၇၃ ဖြစ်ပါကြောင်း။ **ဦးဝင်းဘို**

**ပျောက်ဆုံးကြောင်း**
ရောဝတီတိုင်းဒေသကြီး၊ ကံကျိုးရွာ၊ တလိုင်းကွင်းအုပ်စု၊ အင်္ဂပူမြို့နယ်နေ မသက်မှူးအိမ်(ဘ)ဦးတင်အုံး ၁၄/အဂပ(နိုင်)၂၀၄၁၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၇၈၉၃၆၃၀

**ပျောက်ဆုံးကြောင်း**
ဗညားထက်(ဘ)ဦးမွန် ၁၀/ရမန(နိုင်)၂၇၀၈၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၅၁၇၆

**ပျောက်ဆုံးကြောင်း**
မမေလွင်(ဘ)ဦးထွန်းငြိမ်း ၁၂/ကမတ(နိုင်)၀၆၆၆၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

# စစ်တက္ကသိုလ်ဖိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဖိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဖိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကိုဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဖိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဖိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၁)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံး အရပ်(၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သောတက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်)ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား / အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်သူများလည်းလျှောက်ထားနိုင်သည်။)

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒနှင့်ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။


**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
Quality For You
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့်
သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC
MAXIMUM STRENGTH WITH FLUORIDE
DENTOMEC
MAXIMUM STRENGTH WITH FLUORIDE


Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊
ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

❖ **နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့်ပြည်သူတို့ ခိုင်မြဲစွာလက်တွဲပြီး တိုင်းပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိအပြည့်အဝဖြင့် နိုင်ငံတော်အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါသည် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော "(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ" မှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၈)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်

ပွင့်ဖြူ ဇူလိုင် ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ ၅၉၁၄ ဧက စိုက်ပျိုးရန် လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ပဲစင်းငုံ ၆၀၆၉ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ပဲစင်းငုံလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ပဲစင်းငုံစိုက်ခင်းတွေ အထွက်နှုန်းတိုးတက်စေဖို့

စာမျက်နှာ ၁၁ ကော်လံ ၃ ●



**ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card-OWIC)ပေါ်တွင် လုံခြုံရေး Sticker အသုံးပြုသွားမည့်ကိစ္စနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်**

စာ - ၅ သို့

**၂၀၂၅ မန္တလေးလျှင် ဆိုင်ရာ အချက်အလက်များ သိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထား ရှိကြောင်း အသိပေးကြေညာ**

စာ - ၁၄ သို့

# ချောင်းညီကိုဒီရေတော ကြိုးပြင်ကာကွယ်တောသတ်မှတ်

နေပြည်တော် ဇူလိုင် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင်ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာ အကျယ်အဝန်း(၆,၃၅၄)ဧကရှိသော နယ်မြေကို **"ချောင်းညီကိုဒီရေတောကြိုးပြင်ကာကွယ်တော"**အဖြစ်

စာမျက်နှာ ၁၁ ကော်လံ ၃ ❒

